# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


### ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 23 November 2021 ၁၀၅၆၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်လျှပ်စစ်မီး အဆင့်မြှင့်ထွန်းညှိပူဇော်နိုင်ရန် လျှပ်စစ်မီး ချိန်ညှိခြင်းလုပ်ငန်းများ ယခုလကုန်ပိုင်း၌ အပြီးသတ် ဆောင်ရွက်မည်



ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သိင်္ဂုတ္တရကုန်းတော်၌ တည်ထားတော်မူသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် လျှပ်စစ်မီး အဆင့်မြှင့် ထွန်းညှိပူဇော်ရန် ဆောင်ရွက်လျက်ရှိရာ ယခုအခါ နောက်ဆုံးအဆင့် လျှပ်စစ်မီး တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်၍ လျှပ်စစ်မီး ချိန်ညှိခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသောကြောင့် ယခုလကုန်ပိုင်း၌ လျှပ်စစ်မီးချိန်ညှိခြင်းလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

"လုံးတော်ပြည့် လျှပ်စစ်မီး အဆင့်မြှင့် ထွန်းညှိပူဇော်နိုင်ဖို့အတွက် နောက်ဆုံးအဆင့် လျှပ်စစ်မီး တပ်ဆင်တာက ဆောင်ရွက်ပြီးစီးသွားပြီမို့ လျှပ်စစ်မီး ချိန်ညှိတာတွေကို လုပ်ဆောင်နေပါတယ်။ ဒါလည်း ဒီနိုဝင်ဘာလကုန်လောက်ဆိုရင် ပြီးစီးတော့မှာမို့ လာမယ့်ဒီဇင်ဘာလ ၁၈ ရက်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

## အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၂

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားများရပ်ဝန်းမှ သွယ်တန်းထိုးဆင်းလာသော လေအေးများတွေ့ဆုံမှုကြောင့် နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**အကြံပြုချက်**

ပြည်သူများအနေဖြင့်အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင် သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## ယနေ့ ဖတ်စရာ


NUG အကြမ်းဖက်အဖွဲ့ရဲ့ "Hit List" ဘာလဲ၊ ဘယ်လဲ — ဆောင်းပါး စာမျက်နှာ » ၆

အမျိုးသားနေ့မှသည် အနာဂတ်ဆီသို့ • • • — စာမျက်နှာ » ၁၀

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၄၉ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၂၉ ရာခိုင်နှုန်းရှိ — စာမျက်နှာ » ၁၂


ဗြိတိန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၀၄ ဦးရှိ




စာမျက်နှာ » ၁၃

လူငယ်နှင့် ဘဝအောင်မြင်ရေး



စာမျက်နှာ » ၂၀၊ ၂၁

## အခန်းဆက် ဝတ္ထုရှည်




စာမျက်နှာ » ၁၉

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်မှ တိုင်းပြည်ငြိမ်းချမ်း

“တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံသားတိုင်းတွင် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၄) ကျောင်းဆင်းမည့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံစဉ်မှာကြားခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတစ်ရာကျော်ဖြင့် စုစည်းတည်ထောင်ထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တိုင်းရင်းသားလူမျိုးအားလုံးသည် အတူနေမိသားစုသဖွယ် ပြည်ထောင်စုကြီးအတွင်း၌ အေးအတူပူအမျှ စည်းစည်းလုံးလုံးညီညီညွတ်ညွတ် နှစ်ပေါင်းထောင်ချီ အတူတကွနေထိုင်ခဲ့ကြသည်။ အတူတကွစုပေါင်းနေထိုင်ကြစဉ် နယ်ချဲ့လက်အောက်ရောက်ခဲ့သောအခါ၌ ဆုံးရှုံးသွားသောလွတ်လပ်ရေးကို ပြန်လည်ရယူရန် တိုင်းရင်းသားပြည်သူအားလုံး အတူလက်တွဲ၍တော်လှန်ခဲ့ကြသည်။

ပြည်ထောင်စုကြီးအတွင်း တစည်းတလုံးတည်းနေထိုင်ခြင်းကြောင့် တိုင်းပြည်ငြိမ်းချမ်းသာယာဝပြောခဲ့သည်။ ပြည်ထောင်စုကြီးအတွင်း တစည်းတလုံးတည်းနေထိုင်ခြင်းကြောင့် ဆုံးရှုံးသွားသောလွတ်လပ်ရေးကို လက်တွဲညီညာရယူနိုင်ခဲ့သည်။ စည်းလုံးညီညွတ်ခြင်းသည် ကောင်းခြင်းများနှင့်ပြည့်စုံစေပြီး အန္တရာယ်ရန်စွယ်ဟူသမျှကိုလည်း တွန်းလှန်ဖယ်ရှားနိုင်သည်။ ပြည်ထောင်စုစိတ်ဓာတ်ပျက်ပြားပါက၊ ပြည်ထောင်စုစိတ်ဓာတ် ပါးလျားလျော့နည်းလာပါက မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှု၊ မခိုင်မြဲမှုများဖြစ်ပေါ်လာပြီး တိုင်းပြည်ပျက်စီးနိုင်သည်။

ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်သည် အလွန်အရေးကြီးပြီး နိုင်ငံသားအားလုံး ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။ “ပြည်ထောင်စုစိတ်ဓာတ်” ဆိုသည်မှာ ပြည်ထောင်စုကြီးတစ်ခုလုံးကို မိသားစုတစ်စုတည်း၊ အိမ်ထောင်စုတစ်ခုတည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသည့်သဘောထားခံယူချက်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုသားအချင်းချင်း တစ်ဦးကိုတစ်ဦးရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လိုခြင်း၊ အချင်းချင်းစာနာထောက်ထားခြင်းနှင့် နားလည်သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သည့်အခြေခံကောင်းများဖြစ်ကြောင်း နိုင်ငံတော်ဝန်ကြီးချုပ်က တိုင်းရင်းသားလူငယ်မောင်မယ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားလူမျိုးများအားလုံး မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ငါတို့သည် ဤပြည်ထောင်စုကြီးအတွင်း အတူတကွစုပေါင်းနေထိုင်ကြသော မိသားစုဝင်များဖြစ်သည်ဟူသော တူညီသည့်စိတ်ထားများထားရှိကြရန်လိုအပ်သည်။ အဆိုပါစိတ်ဓာတ်သည် ပြည်ထောင်စုကြီးကောင်းကျိုးအတွက် မွေးမြူထားရမည့်စိတ်ဓာတ်ဖြစ်သည်။ ထိုစိတ်ဓာတ်များ မွေးမြူနိုင်ခြင်းမရှိပါက တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စိတ်ဝမ်းကွဲပြားပြီး ပြင်ပမှစွက်ဖက်နှောင့်ယှက်မှုများ ပိုများလာမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ပြည်ထောင်စုကြီးပြိုကွဲရေးကို စနစ်တကျကြိုတင်စီမံဆောင်ရွက်နေကြရာ ယခုအခါ တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားပြီး လက်နက်စွဲကိုင်တိုက်ခိုက်သတ်လာကြသည်အထိ ဖြစ်ပေါ်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲစေရေးအတွက် စည်းလုံးညီညွတ်မှုကို မမေ့လျော့ရန်၊ ပြည်ထောင်စုစိတ်ဓာတ်များ မပျောက်ကွယ်ရန် အထူးသတိပြုကြရမည်ဖြစ်သည်။ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေး (၃) ပါးကို အလေးအနက်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများထွန်းကားလာအောင် စည်းရုံးဆောင်ရွက်ကြရန် လိုအပ်သည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ပင်ကိုအားဖြင့် ရိုးသားဖြူစင်ကြသောမိသားစုများဖြစ်သည်။ ရိုးသားသောတိုင်းရင်းသားများ၏ ရှိရင်းစွဲပြည်ထောင်စုစိတ်ဓာတ်များ ပါးလျားပျောက်ကွယ်လာအောင် သွေးထိုးလှုံ့ဆော်နှောင့်ယှက်မှုများကိုလည်း သတိပြုရမည်ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားလူငယ်လူရွယ်မျိုးဆက်သစ်များတွင် ပြည်ထောင်စုစိတ်ဓာတ် မကွယ်ပျောက်အောင်၊ ပြည်ထောင်စုစိတ်ဓာတ် ထုံမွမ်းနေရေးသည် အရေးကြီးသည်။

လက်ရှိအချိန်အခါကာလတွင် မသမာသူအဖျက်သမားများက တိုင်းပြည်ပျက်စီးရေးကို ကြိုးပမ်းအားထုတ်နေသဖြင့် ပြည်ထောင်စုသားအားလုံးတွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်အားကောင်းလာရေး အထူးလိုအပ်နေသည်။ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ်များ ပွားများလာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပြီး ပြည်ထောင်စုမပြိုကွဲရေး၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု သုံးမှု စီရင်ချက်ချမှတ်၊ ငါးမှု ရုံးထိုင်ကြားနာ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄/၂၀၂၀ (ရောဝတီ)၊ ၅/၂၀၂၀ (ရောဝတီ) နှင့် ၇/၂၀၂၀(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု သုံးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၈၉ /၂၀၁၉ (မွန်)၊ ၉၆/၂၀၁၉ (မန္တလေး)၊ ၉၇/၂၀၁၉ (မန္တလေး)၊ ၈/၂၀၂၀ (ရန်ကုန်) နှင့် ၁၁/၂၀၂၀ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## “တပ်မတော်စာတိုက်ခန်း” အစီအစဉ် ဆောင်ရွက်ပေးမည်

**နေပြည်တော် နိုဝင်ဘာ ၂၂**

အကြောင်းအမျိုးမျိုးကြောင့် မိသားစုနှင့် အချိန်ကာလကြာရှည်စွာ အဆက်အသွယ်ပြတ်၍ ဝေးကွာနေကြသော တပ်မတော်သားများအတွက် မိသားစု၊ ဆွေမျိုးသားချင်း၊ မိတ်ဆွေသင်္ဂဟများနှင့် ပြန်လည်အဆက်အသွယ်ရရှိစေရန် သဇင် FM ၏ ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ သို့ တနင်္လာနေ့မှ သောကြာနေ့အထိ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ Thazin FM Facebook Page မှတစ်ဆင့် Message ပေးပို့၍လည်းကောင်း၊ သဇင် FM ၏ စာတိုက်သေတ္တာအမှတ်(၁၅)သို့ လိပ်မူပြီး စာလွှာပေးပို့၍လည်းကောင်း ပါဝင်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၂ - ၁၁-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁,၄၃၄ | ၁၂,၄၇၅,၈၀၀ |
| MTSH | ၃,၃၀၀ | ၃,၂၀၀ | ၁,၁၁၄ | ၃,၅၆၅,၂၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၁၃ | ၂၆၀,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁ | ၂,၇၅၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၀၄.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၈.၆၉ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၃.၉၉၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၅.၀၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၆၈ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၉.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၀၅.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၇.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၇၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး

ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက နှစ်သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧက တင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေသန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧက စပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့အစည်းအဝေး (၁/၂၀၂၁) ကျင်းပ

## အလုပ်ရှင်နှင့် အလုပ်သမားများအတွက် နိုင်ငံတကာလူမှုဖူလုံရေးအဖွဲ့များကဲ့သို့ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေး(၁/၂၀၂၁)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင် အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Online မှတက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့သည် အလုပ်ရှင်နှင့် အလုပ်သမားများအတွက် နိုင်ငံတကာ လူမှုဖူလုံရေးအဖွဲ့များကဲ့သို့ ဆောင်ရွက်နိုင်ရေး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုလေးရပ်ဖြစ်သည့် သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း (IT Reform)၊ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်ကဏ္ဍပြုပြင်ပြောင်းလဲခြင်း ( Medical Reform)၊ စီမံခန့်ခွဲရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း (Administrative Reform) နှင့် ဥပဒေရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း (Legal Reform) တို့ကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ထန်းတပင်မြို့တို့ရှိ အလုပ်သမားဆေးရုံကြီးများတွင် ကိုဗစ်-၁၉ Positive လူနာများထားရှိ ကုသနိုင်ရန် ကုသဆောင်များကို ပြင်ဆင်ထားရှိပြီး ကုသပေးလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ကာလအတွင်း PUI လူနာများကို နှာခေါင်းနှင့်အာခေါင်တို့ဖတ်ယူခြင်းနှင့် လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပေးပြီး လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဆေးရုံများသို့ လွှဲပြောင်းပေးခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း။

ကိုဗစ်-၁၉ ပထမလှိုင်း ကာလအတွင်း လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်မှုအနေဖြင့် ယာယီပိတ်ထားခဲ့သည့် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနပေါင်း ၉၀၁၇ ဌာန၊ အလုပ်သမားပေါင်း ၈၅၇၇၅၇ ဦးတို့အတွက် ငွေကျပ်သန်း ၂၁၆၂၇ ဒသမ ၀၉၀ အား ခွင့်ပြုထုတ်ပေးခဲ့ပြီး ဒုတိယလှိုင်း ကာလအတွင်းတွင် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနပေါင်း ၉၁၁၆ ဌာန၊ အလုပ်သမားပေါင်း ၇၆၈၆၈၄ ဦးတို့အတွက် ငွေကျပ်သန်း ၄၈၇၁၃ ဒသမ ၉၉၅ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ကျန်ရှိနေသည့် အလုပ်ဌာနများမှ အာမခံအလုပ်သမားများကို ဆက်လက်ခွင့်ပြုထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၂၁ ခုနှစ် မတ် ၁၄ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရှို့မီးကြောင့် မီးလောင်ဆုံးရှုံးခဲ့သည့် စက်ရုံ၊ အလုပ်ရုံ ၂၂ ရုံမှ အလုပ်လက်မဲ့ဖြစ်သွားသော အလုပ်သမား ၁၄၄၉၄ ဦးအတွက် လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေးထောက်ပံ့ငွေအဖြစ် ငွေကျပ် ၈၂၈ ဒသမ ၅၅၁ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ရောဂါကူးစက်မှု ကာကွယ်နိုင်ရန်အတွက် လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားအား ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာ ၁၈ ရက်အထိ ပထမအကြိမ် ထိုးနှံပြီးဦးရေ ၅၄၈၈၆၇ ဦး၊ ဒုတိယအကြိမ်ထိုးနှံပြီးဦးရေ ၃၃၃၇၂၈ ဦး စုစုပေါင်း ၈၈၂၅၉၅ ဦး ထိုးနှံပေးခဲ့ပြီး အာမခံအလုပ်သမားများအားလုံး ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။



ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင် (၁/၂၀၂၀) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှု၊ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ရန် အမှာစာများကို ရှင်းလင်းတင်ပြပြီး လူမှုဖူလုံရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဌာနခွဲများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြပြီး အစည်းအဝေး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အမှာစာများနှင့် ဆုံးဖြတ်ရန်အချက်များကို ထောက်ခံအတည်ပြု ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အလုပ်ရှင်ကိုယ်စားလှယ် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တောင်သူလယ်သမား စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF)မှ အထွေထွေအတွင်းရေးမှူးနှင့် အလုပ်သမားကိုယ်စားလှယ် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)မှဥက္ကဋ္ဌတို့က လိုအပ်သည်များကို ရှင်းလင်းတင်ပြကြပြီး လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေး(၁/၂၀၂၁)တွင် ဆုံးဖြတ်ရန် အချက်ရှစ်ချက်နှင့် မှတ်တမ်းတင်ရန် အမှာစာ အစောင်ရေ ၄၉ စောင်ကို သဘောတူအတည်ပြု၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးကို ရှေးရှုပြီး အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း၊ မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ သုံးခုမှ ယာဉ်စီးရေ လေးစီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀၊ လုပ်ငန်းသုံးအောက်ဆီဂျင်စက် တစ်ခုနှင့် နှာခေါင်းစည်း ၁၃ တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ် တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသူများအား ဂုဏ်ပြု



**လွိုင်ကော် နိုဝင်ဘာ ၂၂**
ကယားပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ကဏ္ဍအသီးသီးအလိုက် စွမ်းစွမ်းတမံ တက်ကြွစွာဆောင်ရွက်ကြသူများနှင့် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပထမလှိုင်းတွင် ကယားပြည်နယ်အတွင်း ပိုးတွေ့ရှိခြင်းမရှိဘဲ ရောဂါပိုးကင်းစင်သည့် ပြည်နယ်တစ်ခုဖြစ်ခဲ့ကြောင်း၊ ဒုတိယလှိုင်းတွင် ဖြစ်ပွားမှုနည်းပါးခဲ့သော်လည်း တတိယလှိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြစ်ပွားမှုအများဆုံးဖြစ်ခဲ့ကြောင်း၊ ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ကဏ္ဍအသီးသီးအလိုက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူ ၁၂၄ ဦးအတွက် စုစုပေါင်းငွေကျပ် ၆၂၀၀၀၀၀၊ ဂုဏ်ပြုထိုက်သူ ၄၁၃ ဦးအတွက် စုစုပေါင်းငွေကျပ် ၁၂၃၉၀၀၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပါဝင်လှူဒါန်းခဲ့သည့် အလှူရှင် ၁၇ ဦးကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ဆက်လက်၍လည်း စွမ်းစွမ်းတမံ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

**ချီးမြှင့်ပေးအပ်**

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)၊ ဒေသကွပ်ကဲရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ကယားပြည်နယ် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းတွင် ရောဂါကုသရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ယာယီကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စု ၁၆ စုအား တန်ဖိုးနည်းအိမ်ရာများသို့ ပြောင်းရွှေ့နေရာချထားပေး

**မြစ်ကြီးနား နိုဝင်ဘာ ၂၂**
ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမြို့နယ်အတွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းများမှ အိမ်ထောင်စု ၁၆ စုအား ပလနကျေးရွာအုပ်စု ငွေပျော်စံပြကျေးရွာအတွင်း အသစ်ဆောက်လုပ်ပြီးစီးသည့် တန်ဖိုးနည်းအိမ်ရာများသို့ ပြောင်းရွှေ့နေရာချထားပေးသည်။

**အဘက်ဘက်ကကူညီ**

ပြည်နယ်ဝန်ကြီးချုပ်က IDPs စခန်းများရှိ ပြည်သူများ ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေးအတွက် မိမိတို့ ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည်များကို အဘက်ဘက်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ IDPs စခန်းများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက် မဟာဗျူဟာများ ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အသစ်ပြောင်းရွှေ့လာသည့် အိမ်ထောင်စု ၁၆ စုနှင့် မြစ်ကြီးနားမြို့ရှိ ယာယီကယ်ဆယ်ရေးစခန်းများအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ Family Kit၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ တာပေါ်လင်မိုးကာ၊ တစ်ကိုယ်ရေသုံး ကျန်းမာရေးပစ္စည်းများ၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ ထောက်ပံ့ပေးအပ်သည်။

**တန်ဖိုးနည်းအိမ်ရာ**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အသစ်ဆောက်လုပ်ပြီးစီးသည့် တန်ဖိုးနည်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယာယီနေရပ်စွန့်ခွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

ပြည်နယ် (ပြန်/ဆက်)

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၂**
တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားခန်းမ၌ ကျင်းပသည်။

**ကြိုးစားယှဉ်ပြိုင်**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းအားကစား အဆင့်အတန်းတိုးတက်မြင့်မားလာရေးအတွက် ရည်ရွယ်ကျင်းပသည့် ပြိုင်ပွဲတစ်ခုလည်းဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်သော အားကစားသမားကောင်းများပေါ်ထွက်လာပြီး ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး အထောက်အကူပြုနိုင်ရေးအတွက် ရည်ရွယ်၍ ပြိုင်ပွဲကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ပိုက်ကျော်ခြင်းအားကစားသမားများအနေဖြင့် အရည်အချင်းပြည့်ဝသော တိုင်းဒေသကြီးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားယှဉ်ပြိုင်ကစားသွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပထမပွဲစဉ်အဖြစ် အမျိုးသား မြိတ်အသင်းနှင့် လောင်းလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲတွင် အမျိုးသား ၁၀ သင်း၊ အမျိုးသမီးရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■

## နယ်စပ်ရေးရာဝန်ကြီးဌာန စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းများ ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၂၂**
နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း အောင်ပန်း၊ လပွတ္တာ၊ ပုဏ္ဏားကျွန်း၊ ဘားအံတို့၌ စက်မှုလက်မှုပညာရပ် သင်တန်းဖွင့်ပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းများ၌ ကျင်းပခဲ့သည်။

**ရှင်းလင်းတင်ပြ**

အောင်ပန်း နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လည်းကောင်း၊ လပွတ္တာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်က လည်းကောင်း၊ ပုဏ္ဏားကျွန်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က လည်းကောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားများပြောကြားခဲ့ပြီး ကျောင်းအုပ်များက သင်တန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြခဲ့ကြသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

သင်တန်းဖွင့်ပွဲ အခမ်းအနား အသီးသီးသို့ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးများမှ အကြီးအကဲများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းကျောင်း လေးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်းသို့ ၃၅ ဦး၊ လျှပ်စစ်သင်တန်းသို့ ၃၄ ဦး၊ ဂဟေသင်တန်းသို့ ၄၀၊ မော်တော်ယာဉ်စက်ပြင်သင်တန်းသို့ ၆၂ ဦးနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းသို့ ၁၅ ဦး၊ စုစုပေါင်း သင်တန်းသား ၁၈၆ ဦးတို့အား ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်အထိ ရက်သတ္တ၂၂ ပတ်ကြာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားများ နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းဆင်းပြီးပါက အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းကဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ ဘော်လီဘော အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာနိုင်စေရန်နှင့် တိုင်းဒေသကြီးကိုယ်စားပြု ထူးချွန်ထက်မြက်သော ဘော်လီဘော အားကစားသမားကောင်းများ ပေါ်ထွက်လာပြီး တိုင်းဒေသကြီး ဂုဏ်ကိုဆောင်နိုင်ကာ နိုင်ငံတော်အတွက်ပါ ဂုဏ်ဆောင်အားကစားသမားများဖြစ်အောင် ကြိုးစားသွားကြရန်လိုကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီး လက်ရွေးစင်ဟောင်းများက သရုပ်ပြကစားခြင်းနှင့် ပြိုင်ပွဲဝင် အမျိုးသားအသင်းများဖြစ်သော ပုသိမ်ခရိုင်အသင်းနှင့် လပွတ္တာခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ပုသိမ်(ပြန်/ဆက်)

# ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်၊ စေတိယင်္ဂဏဩဝါဒါစရိယဆရာတော်များနှင့် စေတိယင်္ဂဏနိဗဒ္ဓအလှူခံ ဆရာတော်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ထပ်ဆင့်ဂုဏ်ပြု ပူဇော်ခြင်း “ဂုဏပူဇာ”အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၂

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ခြင်းခံယူရရှိတော်မူခဲ့သည့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်တစ်ပါး၊ စေတိယင်္ဂဏဩဝါဒါစရိယဆရာတော်နှစ်ပါးနှင့် စေတိယင်္ဂဏနိဗဒ္ဓအလှူခံဆရာတော်သုံးပါးတို့အား ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ထပ်ဆင့်ဂုဏ်ပြု ပူဇော်ခြင်း “ဂုဏပူဇာ”အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စေတီတော်ရင်ပြင် တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။



**ငါးပါးသီလခံယူ**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက်မှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးမင်းလွင်က ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာစကား လျှောက်ထားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် နိုင်ငံတော်အစိုးရမှ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံယူရရှိတော်မူခဲ့ကြသည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ အလယ်တောရကျောင်းတိုက်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ နာရဒါဘိဝံသ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် လုရတနာကျောင်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဒေါက်တာ ဘဒ္ဒန္တပညာသီဟာဘိဝံသ ပဥ္စနိကာယ ကျောင်းတိုက်ဆရာတော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ အဂ္ဂသာမိ တိပိဋကာလင်္ကာရ ကျောင်းတိုက်ဆရာတော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ တံဆိပ်တော်ရ ဘဒ္ဒန္တပညာသာရာဘိဝံသ မင်္ဂလာရာမကျောင်းတိုက်ဆရာတော်နှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တမာနိတာဘိဝံသ သာသနဝံသကျောင်းတိုက် ဆရာတော်တို့အား ဂေါပကအဖွဲ့ဝင်များက တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ထပ်ဆင့်ဂုဏ်ပြုဆက်ကပ်လှူဒါန်းကြသည်။

**အနုမောဒနာတရားနာယူ**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် လုရတနာကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူကာ ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းနှင့်ဓာတ်ပုံ – ကိုကိုဇော် (MNA)**

---

✻ ရှေ့ဖုံးမှ

(၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်နေ့)မှာ ရေစက်ချအခမ်းအနားလုပ်ဖို့ အကြမ်းဖျင်း စီစဉ်ထားပါတယ်။ ဆက်လက်လှူဒါန်းကြမယ့် အလှူရှင်တွေရှိရင်လည်း လှူဒါန်းနိုင်ဖို့အတွက် ဆက်ပြီး လက်ခံသွားမှာဖြစ်ပါတယ်။ လောလောဆယ် အများလှူဒါန်းငွေနဲ့ စိုက်ပြီးကြိုလုပ်ဆောင်နေတာဖြစ်ပါတယ်”ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောသည်။

**စီမံချက်ရေးဆွဲဆောင်ရွက်**

ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့်အဆင့်မြှင့်လျှပ်စစ်မီး ထွန်းညှိပူဇော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ဇန်နဝါရီလပိုင်းက နိုင်ငံပိုင်သတင်းစာများမှ တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ကြီးကြပ်မှုဖြင့် လျှပ်စစ်ဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ကို ဖွဲ့စည်း၍ စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်ဆိုင်ရာနည်းပညာအကြံပေးအဖွဲ့အနေဖြင့် ၁၉၉၈ ခုနှစ် ထာဝရဘက်စုံပြုပြင်စဉ် မူလထွန်းညှိထားသော မီးတိုင်၊ မီးလုံး၊ မီးအလင်းရောင်အခြေအနေများမှ ပိုမိုကောင်းမွန်မည့် နည်းပညာသတ်မှတ်ချက်များနှင့် လျှပ်စစ်ပစ္စည်းများအသုံးပြုရန် အကြံပြုချက်ဖြင့် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်၍ နည်းပညာဆိုင်ရာ အောင်မြင်ခဲ့သော Lighting Specialist Co.,Ltd (Krislite)က ၂၀၂၂ ခုနှစ် ဧပြီလတွင် လုပ်ငန်းများစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စေတီတော်မြတ်ကြီးလုံးတော်ပြည့်အဆင့်မြှင့် လျှပ်စစ်မီးထွန်းညှိပူဇော်ခြင်းလုပ်ငန်းကို အများပြည်သူတို့၏ လှူဒါန်းငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လုံးတော်ပြည့်လျှပ်စစ်မီး အဆင့်မြှင့် ထွန်းညှိပူဇော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက အဆင့်မြှင့်LED မီးလုံးများကြောင့် ပိုမိုထွန်းလင်းတောက်ပခြင်း၊ အသုံးပြုသောဝပ်အားလျော့ကျစေခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံမှု ပိုမိုတိုးမြှင့်လာခြင်းတို့ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်း – ပွင့်သစ္စာ**

**ဓာတ်ပုံ– စိုးမြင့်အောင်**

---

# စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် ထိရောက်သော သင်ကြားမှုပုံစံ၊ လက်တွေ့လုပ်ငန်းခွင်သို့ အသင့်ဝင်ရောက်နိုင်မည့် လေ့ကျင့်မှုပုံစံတို့ဖြင့် သွက်လက်ထက်မြက်စွာ သင်ကြားနိုင်ရေး စီမံဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၂

လယ်ယာကဏ္ဍတွင် အရည်အချင်းပြည့်ဝသည့် လူ့အရင်းအမြစ် အင်အားများ တိုးပွားလာရေးအတွက် အဓိကတာဝန်ယူ လေ့ကျင့်ပျိုးထောင်ပေးကြမည့် စိုက်ပျိုးရေးသိပ္ပံကျောင်းများနှင့် မွေးမြူရေးဒီပလိုမာသင်တန်းများအနေဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါကို အကောင်းဆုံး ဖြတ်ကျော်နိုင်မည့် နေ့စဉ်လူနေမှုဘဝပုံစံသစ်ကိုဖော်ဆောင်ပြီး ထိရောက်သော သင်ကြားမှုပုံစံ၊ လက်တွေ့လုပ်ငန်းခွင်သို့ အသင့်ဝင်ရောက်နိုင်မည့် လေ့ကျင့်မှုပုံစံတို့ဖြင့် သွက်လက်ထက်မြက်စွာ သင်ကြားနိုင်ရေး စီမံဆောင်ရွက်သွားကြစေလိုကြောင်း ယမန်နေ့က ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ဆွေးနွေးပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် ကိုဗစ်–၁၉ ကြောင့် သင်ကြားရေးလုပ်ငန်းများ ရပ်နားထားခဲ့သည့် စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ ၂၀၂၁–၂၀၂၂ ပညာသင်နှစ်ကို မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ရာ လိုအပ်သောအကြိုပြင်ဆင်မှုများနှင့် အသစ်ဖွင့်လှစ်မည့် မွေးမြူရေးဒီပလိုမာသင်တန်းအတွက် သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုများ ပြည့်စုံစေရေး၊ စာသင်ခန်း၊ လက်တွေ့ခန်းနှင့်ဓာတ်ခွဲခန်းများ အရည်အသွေးပြည့်ဝရေးနှင့် ကျောင်းဖွင့်ကာလအမီ လုပ်ငန်းများ ပြီးစီးရေးနှင့် အဆောက်အအုံများ ပြန်လည် ပြုပြင်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းစာကြည့်တိုက်အတွက် နည်းပညာနှင့် အထွေထွေဗဟုသုတစာအုပ်များနှင့် ရန်ပုံငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

၂၀၂၁–၂၀၂၂ ပညာသင်နှစ်၌ စိုက်ပျိုးရေးဒီပလိုမာသင်တန်းများကို စိုက်ပျိုးရေးသိပ္ပံ (နေပြည်တော်၊ ပျဉ်းမနား)၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဖွဲကပင်(ဘားအံ)၊ လုံပီး (ဖလမ်း)၊ ကျောက်တော်၊ ဟုမ္မလင်းတို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး မွေးမြူရေးဒီပလိုမာ သင်တန်းများကို စိုက်ပျိုးရေးသိပ္ပံ (နေပြည်တော်၊ပျဉ်းမနား)၊ ပုသိမ်ကြီးနှင့် ဟဲဟိုးတို့တွင် ရှေ့ပြေးဖွင့်လှစ်သွားမည်ဖြစ်ကာ စိုက်ပျိုးရေးသိပ္ပံကျောင်းအားလုံးတွင် တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ စက်မှုလယ်ယာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ရေးကိုလည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေး သုတေသနဦးစီးဌာန (ရေဆင်း) တွင် ကျင်းပမည့် လိမ္မော်နှင့် ရှောက် မျိုးရင်းဝင်သစ်သီးပင်များ ပြိုင်ပွဲ၊ ပြပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရေး အကြိုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး စိုက်ပျိုးရေး သုတေသနဦးစီးဌာနရှိ စာကြည့်တိုက်အတွက် စာအုပ်နှင့် ရန်ပုံငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှု သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှု သင်တန်း (၄/၂၀၂၂)ကို ယနေ့ နံနက် ၈နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းရှိ ငါးလုပ်ငန်းအတတ်သင်သိပ္ပံ (ကြို့ကုန်း)၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးမြင့်ရွှေနှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးကျော်နိုင်တို့က အမှာစကားပြောကြားသည်။

သင်တန်းကို သင်တန်းသား ရေလုပ်သား ၃၀ တက်ရောက်သင်ကြားမည်ဖြစ်၍ သင်တန်းကာလမှာ ယနေ့တစ်ရက်တာဖြစ်ပြီး ပင်လယ်ငါးဖမ်း ရေလုပ်သားများအတွက် လုပ်ငန်းခွင်အတွင်း ထိခိုက်မှု မရှိစေရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် အသက်အန္တရာယ်ကင်းရှင်းစေရေး၊ မြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေဆိုင်ရာသိကောင်းစရာများ၊ ရေကြောင်းစောင့်ကြည့်ထိန်းချုပ်ရေးကိရိယာနှင့် ပတ်သက်သည့် ညွှန်ကြားချက်များ၊ ဆိပ်ကမ်းအကြောင်း မီးဘေးကြိုတင်ကာကွယ်ရေး ရှေးဦးပြုစုခြင်း၊ ငါး၊ ပုစွန်ကိုင်တွယ်ခြင်း၊ အရည်အသွေး ထိန်းသိမ်းခြင်းနှင့် ရေကြောင်းပညာရေးဆိုင်ရာ သိကောင်းစရာများကို ကျွမ်းကျင်ပညာရှင်များက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားဆွေးနွေး ပို့ချသွားမည်ဖြစ်သည်။

**ဥာဏ်ဟိန်း**

# NUG အကြမ်းဖက်အဖွဲ့ရဲ့ "Hit List" ဘာလဲ၊ ဘယ်လဲ

မင်းခန့်

ယခုရက်ပိုင်းအတွင်း ဆိုရှယ်မီဒီယာပေါ်မှာ Hot ဖြစ်နေတဲ့ကိစ္စတစ်ခုကတော့ NUG အကြမ်းဖက်အဖွဲ့ရဲ့ အကြမ်းဖက်သတ်ဖြတ်မယ့်အမည်စာရင်း "Hit List" ထွက်လာပြီး လက်အောက်ခံ PDF အဖွဲ့တွေကို NUG ရဲ့ ပြည်ထဲရေးဝန်ကြီးဆိုသူက တိုက်ရိုက်ညွှန်ကြားဆောင်ရွက်နေတယ်ဆိုတဲ့ ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စက နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မီဒီယာတွေအကြားမှာ ဟိုးလေးတကျော်ကျော်ဖြစ်သွားခဲ့တာပါ။ ဒီသတင်းထွက်ပေါ်လာပြီးနောက်မှာ NUG အကြမ်းဖက်အဖွဲ့က ဆာဆာနဲ့ ဇင်မာအောင်တို့က ထွက်ပေါ်နေတဲ့ "Hit List" စာရင်းက သူတို့လုပ်တာမဟုတ်ကြောင်း နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ မီဒီယာတွေကို အသည်းအသန်ဖြေရှင်းချက်ပေးနေရတာကို တွေ့ရပါတယ်။

**မဟာမိတ်လက်အောက်ခံအကြမ်းဖက်အဖွဲ့**

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ဆာဆာက NUG အဖွဲ့အနေနဲ့ အကြမ်းဖက်သတ်ဖြတ်ရမယ့် အမည်စာရင်း "Hit List" ကို ၎င်းရဲ့ မဟာမိတ်လက်အောက်ခံအကြမ်းဖက်အဖွဲ့တွေဆီကို ပေးပို့ခဲ့တယ်ဆိုတဲ့သတင်းက သတင်းမှားတွေသာဖြစ်တယ်ဆိုပြီး သဘောထားထုတ်ပြန်ခဲ့ပါတယ်။ နိုဝင်ဘာလ ၁၀ ရက်နေ့မှာလည်း NUG အကြမ်းဖက်အဖွဲ့က ဇင်မာအောင်ကလည်း အလားတူ ဖြေရှင်းချက်မျိုး VOA မီဒီယာကို ဘူးခံပြီး ငြင်းဆိုဖြေကြားခဲ့တာကို တွေ့ရပါတယ်။

သို့သော်လည်း ဒီလိုငြင်းဆိုနေတဲ့အချိန်မှာ "Hit List" ထဲမှာပါဝင်တဲ့ ငြိမ်းချမ်းရေးဆောင်ရွက်နေသူတစ်ဦးက နိုင်ငံတကာသံတမန်အသိုင်းအဝိုင်းဆီကို အကူအညီတောင်းထားတဲ့ စာတစ်စောင်က ထပ်မံထွက်ပေါ်လာပါတယ်။ ဒီစာထဲမှာ NUG ရဲ့ လမ်းစဉ်က နိုင်ငံတကာက စံထားတဲ့တန်ဖိုးတွေနဲ့ ဆန့်ကျင်နေတယ်ဆိုတဲ့အကြောင်း၊ NUG/PDF တွေအနေနဲ့ အောက်တိုဘာလတစ်လအတွင်းမှာတင် အပြစ်မဲ့ပြည်သူ ၁၈၈ ဦးကို သတ်ဖြတ်ခဲ့ကြကြောင်း၊ ယခုအချိန်အထိသတ်ဖြတ်ခံရတဲ့ အပြစ်မဲ့ပြည်သူ ၆၀၀ ကျော်ပြီဖြစ်ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ မကောင်းဆိုးဝါးဖြစ်လာနေတဲ့ NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရပ်တန့်ပေးနိုင်ဖို့ စိတ်ဓာတ်နဲ့ နိုင်ငံရေးသြဇာအာဏာရှိပါကြောင်း၊ ဒီ "Hit List" မှာ စစ်တပ်ကိုထောက်ပံ့ပေးနေတယ်လို့ NUG အနေနဲ့ ယူဆထားတဲ့စီးပွားရေးသမားတွေ၊ နိုင်ငံရေးသမားတွေ၊ အနုပညာရှင်တွေအပြင်၊ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတဲ့ပညာရှင်တွေပါ ပါဝင်နေကြောင်း၊ ပြည်သူ့ပါတီမှ ဦးကိုကိုကြီး၊ မွန်ညီညွတ်ရေးပါတီက ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌဟောင်း ဒေါက်တာအောင်နိုင်ဦးနဲ့ ပါတီဝင်တွေကိုလည်း အကြိမ်ပေါင်းများစွာ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ပြုလုပ်နေကြောင်း။

**နိုင်ငံတကာသံတမန်အသိုင်းအဝိုင်း**

**၎င်းတို့က ဘက်မလိုက်သူ (ကြားနေ) မှန်သမျှကို ခြိမ်းခြောက်သတ်ဖြတ်နေကြကြောင်း၊ အကြမ်းဖက် NUG အဖွဲ့တွင် ပစ်မှတ်ထားသတ်ဖြတ်သည့် ပုံစံ (၃) မျိုးရှိကြောင်း၊ ပထမတစ်မျိုးမှာ NUG က တိုက်ရိုက်ထိန်းချုပ်စေခိုင်းခြင်းဖြစ်ကြောင်း၊ ဒုတိယတစ်မျိုးမှာ လိုအပ်တဲ့သတင်းအချက်အလက်တွေနဲ့ လိုအပ်တဲ့အုပ်ချုပ်ထောက်ပံ့မှုကို NUG က စီစဉ်ပေးပြီး ၎င်းတို့နဲ့ ဆက်စပ်အဖွဲ့တွေက ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တတိယတစ်မျိုးကတော့ ဒေသအလိုက် PDF တွေက ဆောင်ရွက်နေခြင်းဖြစ်ပြီး NUG မှ လွှင်ကိုလတ်(တရားခံပြေး) က ကြိုးကိုင်နေကြောင်းနဲ့ ၎င်းအနေနဲ့ PDF အဖွဲ့ ၆၀ ကျော်နဲ့ အွန်လိုင်းတွေ့ဆုံပွဲလုပ်နေတဲ့ အထောက်အထားဓာတ်ပုံကိုပါ တွဲဖက်ပြီးပေးပို့ပါကြောင်းစသဖြင့် ဖော်ထုတ်ရေးသားထားပြီး နိုင်ငံတကာသံတမန်အသိုင်းအဝိုင်းကို အကူအညီတောင်းခံခဲ့တာကို တွေ့ရပါတယ်။**

NUG အကြမ်းဖက်အဖွဲ့အနေနဲ့ ပြောင်လိမ်နေပေမယ့်လည်း ဒီလိုနိုင်ငံရေးနဲ့ သံတမန်အသိုင်းအဝိုင်းကို ရောက်ရှိခဲ့တဲ့ "Hit List" ဆိုတာက အမှန်တကယ်ရှိနေတာဖြစ်လို့ NUG ကို ထိတွေ့ဆက်ဆံပြီး ထောက်ပံ့ပေးနေတဲ့ အချို့နိုင်ငံတကာအသိုင်းအဝိုင်းက သတိပြုမိလာပြီး သူတို့အကြမ်းဖက်လုပ်ရပ်တွေ မဖုံးနိုင်မဖိနိုင်ဖြစ်လာရတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကြောင့်လည်း ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့က ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်မှာတောင် ယခုဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေရပ်တန့်ဖို့နဲ့ အရပ်သားတွေရဲ့လုံခြုံရေးသေချာအောင် ဆောင်ရွက်ဖို့ တာဝန်ရှိသူတွေကို တိုက်တွန်းထားတဲ့အချက်တွေ ပါဝင်လာတာကို တွေ့ရပါတယ်။ NUG/PDF တွေရဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လက်မခံနိုင်ကြတော့တာကြောင့် ၎င်းတို့ကို ထိတွေ့ဆက်ဆံနေကြတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းက ဒီ "Hit List" အကြောင်းကို ထုတ်ဖော်သတိပေးလာကြတာဖြစ်ပါတယ်။

**ဆာဆာ၊ ဇော်ဝေစိုးနဲ့ NUG / PDF လော်ဘီတွေရဲ့လုပ်ဆောင်၊ ပြောကြားချက်တွေဟာ လုပ်ကြံဖန်တီးထားတဲ့အချက်တွေမဟုတ်ဘဲ အများပြည်သူအကြားမှာ ပျံ့နှံ့နေပြီး အလွယ်တကူရရှိနိုင်တဲ့အထောက်အထားတွေ ဖြစ်ပါတယ်။ ငြင်းမရတဲ့နှုတ်ထွက်စကားတွေဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတချို့က NUG / PDF ကို တရားဝင်အသိအမှတ်မပြုပေမယ့်လည်း ဒီလိုအကြမ်းဖက်သမားတွေကို သူတို့ရဲ့နိုင်ငံတွေမှာ လက်ခံထားတာတွေ၊ ထိတွေ့ဆက်ဆံနေတာတွေက အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေကို အားပေးနေတာလားလို့ မေးခွန်းထုတ်ရမလိုဖြစ်နေပါတယ်။ ISIS၊ Al-Qaeda နဲ့ Hezbollah လို အကြမ်းဖက်အဖွဲ့အစည်းတွေ မြန်မာနိုင်ငံနဲ့ ဒေသတွင်းမှာ ထပ်ပြီး မွေးထုတ်ပေးနေတာလားဆိုတာ သံသယဖြစ်**

NUG အဖွဲ့ရဲ့အကြမ်းဖက်သတ်ဖြတ်မယ့် "Hit List" သတင်း online ပေါ်မှာ ပျံ့နှံ့နေပြီး တကယ့်လက်တွေ့မှာလည်း အကြမ်းဖက် NUG/ PDF အဖွဲ့တွေအနေနဲ့ ရပ်ပိုင်းဆိုင်ရာအရကော စိတ်ဓာတ်ပိုင်းဆိုင်ရာအရပါ အကြမ်းဖက်မှုတွေကျူးလွန်နေကြောင်းကို ပြည်သူလူထုရဲ့ နေ့စဉ်လူမှုဘဝမှာ ထင်ရှားစွာမြင်တွေ့ကြားသိနေရပါတယ်။ အပြစ်မဲ့ပြည်သူတွေနဲ့ သံဃာတော်တွေကို ဒလန်လို့စွပ်စွဲသတ်ဖြတ်နေမှုတွေ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေကို အကြောင်းမဲ့သတ်ဖြတ်နေမှုတွေ၊ ကျောင်းဆရာ ဆရာမနဲ့ ပညာရေးဝန်ထမ်းတွေကို ရက်ရက်စက်စက် မိသားစုလိုက်လုပ်ကြံသတ်ဖြတ်မှုတွေ၊ အရပ်ဘက်ပစ်မှတ်တွေနဲ့ စာသင်ကျောင်းတွေကို ဗုံးခွဲတိုက်ခိုက်နေမှုတွေ၊ ကိုဗစ်ရောဂါ ကာကွယ်တားဆီး၊ တိုက်ဖျက်ရေးဆောင်ရွက်နေတဲ့နေရာတွေကို အကြမ်းဖက်ခဲ့ကြတာတွေ၊ လူနေအိမ်တွေကို မီးရှို့ဖျက်ဆီးနေကြတဲ့ကိစ္စတွေကို NUG ကမွေးဖွားခဲ့တဲ့ PDF နဲ့အစွန်းရောက် NLD ထောက်ခံသူတွေက နေ့စဉ်လုပ်ဆောင်နေကြတာကို အားလုံးအသိပဲဖြစ်ပါတယ်။

**အခုလို NUG၊ PDF နဲ့ NLD အစွန်းရောက်ပြည်ဖျက်သမားတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လျစ်လျူရှုပြီး အကြမ်းဖက်ကြောင်းသိပါလျက် နှုတ်ဆိတ်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးတွေနဲ့ ဒီမိုကရေစီလက်ခံကျင့်သုံးနေကြတဲ့ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးသားတွေ၊ အစိုးရတွေကိုလည်း စာရေးသူအနေနဲ့ ဘာအတွက်ကြောင့် အကြမ်းဖက်မှုတစ်စုံတစ်ရာအတွက် မှတ်ချက်ပေးဖို့၊ ရှုတ်ချဖို့၊ တားမြစ်ဖို့ လက်တွန့်နေတာကို အံ့သြဘနန်းဖြစ်ရသလို ဒီမိုကရေစီလက်ခံကျင့်သုံးနေတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့လည်း စိတ်မကောင်းဖြစ်**

**ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံ**

အဆိုးဆုံးကတော့ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြတဲ့ မြန်မာနိုင်ငံလို လူ့အဖွဲ့အစည်းမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား အနန္တော အနန္တဂိုဏ်းဝင် သံဃာတော်တွေကို ဒလန်လို့စွပ်စွဲပြီး သတ်ဖြတ်နေကြတာနဲ့ အပြစ်မဲ့ဆရာ ဆရာမတွေကို သတ်ဖြတ်နေကြတာက လောကီရေးအရရော လောကုတ္တရာအရပါ ဘယ်လိုမှလက်ခံလို့မရတဲ့ အကြမ်းဖက်မှုတွေဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် မေလ ၃ ရက်နေ့ကနေ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ အကြမ်းဖက်သတ်ဖြတ်ခံရတဲ့ သံဃာတော် ၁၂ ပါးနဲ့ ပြင်းထန်စွာဒဏ်ရာရရှိခဲ့တဲ့ သံဃာ ၁၃ ပါး ရှိပြီဖြစ်ပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံအဖြစ် ကမ္ဘာ့နိုင်ငံများက အသိအမှတ်ပြုထားရတဲ့ မြန်မာနိုင်ငံမှာ ရဟန်းသံဃာတော်တွေကို ယခုလို သတ်ဖြတ်မှုတွေဟာ ဘာသာသာသနာအတွက် အလွန်အန္တရာယ်ကြီးမားပြီး ဗုဒ္ဓဘာသာဝင်တိုင်းအတွက် ဝမ်းနည်းစိတ်မကောင်းစရာဖြစ်ရပ်ဆိုးကြီးတွေဖြစ်ပါတယ်။

အလားတူ နောက်ထပ်စိတ်မကောင်းစရာဖြစ်ရပ်တွေကတော့ ပညာရေးကဏ္ဍကို အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ်ပါတယ်။ NUG အဖွဲ့ရဲ့ စီစဉ်စေခိုင်းမှုအရ အကြမ်းဖက်သမားတွေဟာ ပညာရေးဝန်ထမ်းတွေ CDM လှုပ်ရှားမှုမှာ ပါဝင်လာအောင် Social Punishment အမည်တပ်ပြီး လူမှုရေးအရ အသရေဖျက် အနိုင်ကျင့်ခဲ့ကြပါတယ်။ ကျောင်းတွေပြန်ဖွင့်ချိန်မှာလည်း ကလေးငယ်တွေ စာမသင်ကြားနိုင်အောင် စာသင်ကျောင်းတွေကို မိုင်းတွေ၊ လက်ပစ်ဗုံးတွေနဲ့ ဖောက်ခွဲတိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းတွေကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်ခဲ့ကြပါတယ်။ CDM မလုပ်ဘဲ ဂုဏ်သိက္ခာပြည့်ဝစွာနဲ့ ဆရာ့ကျင့်ဝတ်တွေနဲ့အညီ တာဝန်ကျေပွန်စွာ ပညာသင်ကြားပေးနေကြတဲ့ အပြစ်မဲ့ဆရာ ဆရာမတွေကိုလည်း ဘာရန်ငြိုးရန်စမှမရှိဘဲ ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ခဲ့ကြပါတယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးက စာသင်ကျောင်းတွေကို ဗုံးခွဲမီးရှို့ တိုက်ခိုက်မှု ၄၄၄ ကြိမ်ရှိပြီး အကြမ်းဖက်သတ်ဖြတ်ခံရသည့် ဆရာ ဆရာမ သေဆုံးသူ ခုနစ်ဦး၊ ဒဏ်ရာရ ၁၃ ဦးနဲ့ ပညာရေးဝန်ထမ်းသေဆုံးသူ ငါးဦး၊ ဒဏ်ရာရ နှစ်ဦး စုစုပေါင်း ၂၇ ဦး ရှိပါတယ်။

ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို မိဘတိုင်းသားသမီးတွေကို ပညာတတ်ကြီးတွေ ဖြစ်စေချင်ကြပါတယ်။ NUG/ PDF အကြမ်းဖက် အဖွဲ့တွေက ကလေးတွေ ကျောင်းသွားလို့မရအောင် အကြမ်းဖက်နေကြတာက မိဘတိုင်းရဲ့မျှော်လင့်ချက်တွေကို ရိုက်ချိုးနေတာဖြစ်ပါတယ်။ ပညာရေးကဏ္ဍကို အကြမ်းဖက်တာက တိုင်းပြည်ရဲ့အနာဂတ်ကို ဖျက်ဆီးနေတာဖြစ်ပါတယ်။ ဒီလိုတိုင်းပြည်ရဲ့အနာဂတ်ကို ဖျက်ဆီးဖို့စီစဉ်စေခိုင်းသူတွေဟာ နိုင်ငံရေးအတ္တကြီးနေတဲ့ ဝရမ်းပြေး NUG အဖွဲ့ကဖြစ်ပြီး လက်တွေ့လုပ်ဆောင်နေသူတွေက အစွန်းရောက် NLD ပါတီဝင်နဲ့ အကြမ်းဖက်သမား PDF တွေဖြစ်တယ်ဆိုတာ ဘယ်လိုမှငြင်းလို့မရတဲ့သက်သေတွေ အခိုင်အမာရှိနေပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ယဉ်ကျေးမှုနဲ့ ယုံကြည်ကိုးကွယ်မှုအရ အနန္တောအနန္တဂိုဏ်းဝင်ဖြစ်တဲ့ ရဟန်းသံဃာတော်နဲ့ ဆရာ ဆရာမတွေကို ရန်ငြိုးရန်စမရှိဘဲ လုပ်ကြံသတ်ဖြတ်မှုတွေ ကျူးလွန်နေတာက NUG/ PDF နဲ့ အစွန်းရောက် NLD ထောက်ခံသူတွေဟာ လူမဆန်တဲ့အကြမ်းဖက်သမားတွေဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း ပြဆိုနေပါတယ်။ သံဃာတော်တွေနဲ့ ဆရာ ဆရာမတွေကို အကြောင်းမဲ့သတ်ဖြတ်တဲ့ကိစ္စက အင်မတန်မှ ယုတ်မာရိုင်းစိုင်းလှပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းသာမက ကမ္ဘာ့လူ့အဖွဲ့အစည်းမှာပါ ဘယ်လိုမှလက်ခံလို့မရနိုင်တဲ့ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်လုပ်ရပ်တွေဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ◆

◆ **စာမျက်နှာ ၆ မှ**

ဒ့ါအပြင် NUG/ PDF တွေအနေနဲ့ ကမ္ဘာ့အကြမ်းဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ အယ်လ်ခိုင်ဒါ (Al–Qaeda) နဲ့ အိုင်းစစ် (ISIS) တို့နည်းတူ လူတွေကို အစုလိုက်အပြုံလိုက်သတ်ဖြတ်ဖို့ ကြိုးစားခဲ့ကြတဲ့လုပ်ရပ်တွေလည်း ရှိပါတယ်။ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့မှာ အကြမ်းဖက်သမားတွေက AIR KBZ က ပြည်တွင်းခရီးစဉ်ပြေးဆွဲလျက်ရှိတဲ့ ATR–72–600 အမျိုးအစား လေယာဉ်အမှတ် (XY–AMP)၊ (XY–AMN)၊ (XY–AMO) လေယာဉ် သုံးစင်းရဲ့ Pitot Tube တွေထဲမှာ သစ်ရွက်စိမ်း၊ သစ်ရွက်ခြောက်တွေထည့်ပြီး လေယာဉ်ပျက်ကျအောင် ဆောင်ရွက်ခဲ့ကြပါတယ်။ တာဝန်ရှိသူတွေက အချိန်မီစစ်ဆေးတားဆီးနိုင်ခဲ့လို့ ခရီးသည်တွေ အစုလိုက်အပြုံလိုက်သေဆုံးမယ့်ဘေးကနေ ကံကောင်းစွာလွတ်မြောက်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာလည်း PDF အကြမ်းဖက်အဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဆင်မလိုက်မှတ်တိုင်အနီးမှာ YBS 20 ခရီးသည်ယာဉ်တစ်စီးကို ဖောက်ခွဲမိုင်းရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ခရီးသည်တွေကို ကံကောင်းစွာနဲ့ ဘေးလွတ်ရာ အချိန်မီရွှေ့ပြောင်းနိုင်ခဲ့ပါတယ်။

**သက်သေအထောက်အထားများစွာရှိ**

NUG အကြမ်းဖက်အဖွဲ့အနေနဲ့ လက်တွေ့ရုပ်ပိုင်းဆိုင်ရာအရသာမက စိတ်ပိုင်းဆိုင်ရာအရပါ အကြမ်းဖက်ဝါဒကို ကိုင်စွဲထားကြောင်း အကြမ်းဖက် NUG အဖွဲ့က ဝရမ်းပြေးပုဂ္ဂိုလ်တချို့နဲ့ NLD အမာခံလော်ဘီတွေ ဆောင်ရွက်ခဲ့ကြတဲ့ သက်သေအထောက်အထားများစွာလည်း ရှိနေပါတယ်။ NUG အကြမ်းဖက်အဖွဲ့က ဆာဆာအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ အမေရိကန်နိုင်ငံသားတစ်ဦးရဲ့ အွန်လိုင်းအကြမ်းဖက်သင်တန်းမှာ တက်ရောက်အားပေးစကားပြောကြားခဲ့ပါတယ်။ အဲဒီသင်တန်းမှာ လက်လုပ်သေနတ်၊ လက်လုပ်ဗုံးပြုလုပ်နည်းတွေ၊ အကြမ်းဖက်ဖောက်ခွဲနည်းတွေနဲ့ အစွန်းရောက်အတွေးအခေါ်တွေကို သင်ကြားပေးခဲ့တာဖြစ်ကြောင်းကို လွတ်လပ်တဲ့ အင်တာနက်မီဒီယာတစ်ခုဖြစ်တဲ့ New Naratif က စက်တင်ဘာလ ၉ ရက်နေ့မှာ ဖော်ထုတ်ရေးသားခဲ့ပါတယ်။




အမေရိကန်နိုင်ငံအနေနဲ့ ၉/၁၁ ဖြစ်စဉ် အကြမ်းဖက်တိုက်ခိုက်ခံရအပြီး ကမ္ဘာမှာ အစွန်းရောက်အကြမ်းဖက်သမားတွေ၊ အကြမ်းဖက်မှုနည်းလမ်းတွေ မပြန့်ပွားစေရေး ဒီလိုတရားမဝင်လက်နက်ပြုလုပ်နည်းတွေကို တားဆီးထိန်းချုပ်ဖို့ အကြမ်းဖက်မှုတားဆီးရေးဥပဒေများစွာနဲ့ ပြဋ္ဌာန်းကာကွယ်ထားပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးမဟာဗျူဟာတွေ ချမှတ်ထားပါတယ်။ ဒီလိုနိုင်ငံတကာက လက်မခံတဲ့ဆောင်ရွက်ချက်တွေကို New Naratif က ဖော်ထုတ်ရေးသားလို့ NUG အကြမ်းဖက်အဖွဲ့က ဆာဆာက ထိုသတင်းဌာနကို တရားစွဲမယ်လို့ ခြိမ်းခြောက်ခဲ့ပါသေးတယ်။ ဆိုလိုတာက ယခုပေါ်ထွက်နေတဲ့ “Hit List” ကိစ္စလိုမျိုးပဲ NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေရဲ့ သက်သေအထောက်အထားတွေအဖြစ် နိုင်ငံတကာက သိရှိသွားမှာ စိုးရိမ်ပြီး အကြောက်အကန်ငြင်းဆိုခဲ့ရတဲ့ သာဓကတွေဖြစ်ပါတယ်။

NUG အကြမ်းဖက်အဖွဲ့က ဇော်ဝေစိုးအနေနဲ့လည်း ၎င်းရဲ့မိတ်ဖက်ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့တွေ့ဆုံတဲ့ Zoom Meeting တစ်ခုမှာ အကြမ်းဖက်လုပ်ငန်းဆောင်ရွက်ဖို့ ညွှန်ကြားထားတဲ့အစီအစဉ်တွေကို ၂၀၂၁ ခုနှစ် ဇွန်လ ၇ ရက်နေ့က ဖော်ထုတ်ပြောကြားခဲ့တာ မှတ်မိကြမယ်ထင်ပါတယ်။ အိတ်သေးသေးလေးတွေနဲ့ သယ်လာတာကို ဖွင့်မကြည့်မိဖို့လိုကြောင်း၊ ဖွင့်ကြည့်ရင် ကိစ္စတုံးသွားနိုင်ကြောင်း၊ အစားအစာတွေမှာလည်း အဆိပ်ခတ်ထားကြောင်း စသည်ဖြင့် အကြမ်းဖက်မှုဆောင်ရွက်ဖို့အတွက် ညွှန်ကြားထားတဲ့အချက်အလက်တွေကို ဖွင့်ဟပြောကြားခဲ့တာကို တွေ့ရှိရပါတယ်။ ဖျောက်ဖျက်လို့မရတဲ့ ဗီဒီယိုမှတ်တမ်းတွေ အတိအကျရှိပါတယ်။




NUG/PDF ရဲ့ အကြမ်းဖက်လုပ်ငန်းတွေအတွက် လော်ဘီလုပ်ပေးနေသူဖြစ်တဲ့ ယခင် NLD ပါတီမှာ သုတေသနတာဝန်ထမ်းဆောင်ခဲ့သူ ဝရမ်းပြေး မျိုးရန်နောင်သိန်းအနေနဲ့လည်း မိဘပြည်သူတွေရဲ့ သားသမီးတွေကို ကျောင်းမပို့ကြဖို့နဲ့ ကျောင်းပို့ရင် ခြေပြတ်/ လက်ပြတ်ဖြစ်သွားနိုင်ကြောင်း၊ အသက်သေဆုံးနိုင်ကြောင်း ခြိမ်းခြောက်တဲ့အစွန်းရောက်အကြမ်းဖက်လှုံ့ဆော်မှုတွေကို ဆိုရှယ်မီဒီယာများကတစ်ဆင့် ပြောင်ပြောင်တင်းတင်းပြောဆိုခဲ့ပါတယ်။




**ငြင်းမရတဲ့နှုတ်ထွက်စကားတွေ**

ဆိုရှယ်မီဒီယာတွေပေါ်မှာ အလားတူရေးသားပြောဆိုနေကြတဲ့ အခြားသောအစွန်းရောက်လော်ဘီတွေ၊ အကြမ်းဖက် NUG အဖွဲ့ဝင်တွေ၊ အမည်အမျိုးမျိုးနဲ့ ဖွဲ့စည်းထားတဲ့ PDF အဖွဲ့တွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုမျိုး **ဆာဆာ၊ ဇော်ဝေစိုးနဲ့ NUG/ PDF လော်ဘီတွေရဲ့ လုပ်ဆောင်၊ ပြောကြားချက်တွေဟာ လုပ်ကြံဖန်တီးထားတဲ့အချက်တွေ မဟုတ်ဘဲ အများပြည်သူအကြားမှာ ပျံ့နှံ့နေပြီး အလွယ်**တကူရရှိနိုင်တဲ့ အထောက်အထားတွေဖြစ်ပါတယ်။ ငြင်းမရတဲ့ နှုတ်ထွက်စကားတွေဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတချို့က NUG/PDF ကို တရားဝင်အသိအမှတ်မပြုပေမယ့်လည်း ဒီလိုအကြမ်းဖက်သမားတွေကို သူတို့ရဲ့ နိုင်ငံတွေမှာ လက်ခံထားတာတွေ၊ ထိတွေ့ဆက်ဆံနေတာတွေက အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေကို အားပေးနေတာလားလို့ မေးခွန်းထုတ်ရမလိုဖြစ်နေပါတယ်။ ISIS၊ Al–Qaeda နဲ့ Hezbollah လို အကြမ်းဖက်အဖွဲ့အစည်းတွေ မြန်မာနိုင်ငံနဲ့ဒေသတွင်းမှာ ထပ်ပြီးမွေးထုတ်ပေးနေတာလားဆိုတာ သံသယဖြစ်ဖွယ်ရှိပါတယ်။

အထူးသဖြင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုတဲ့ အပြစ်မဲ့ပြည်သူတွေကို “ငါနဲ့မတူ ငါ့ရန်သူ အယူအဆနဲ့” အကြမ်းဖက်လုပ်ကြံသတ်ဖြတ်နေတဲ့ ဝရမ်းပြေး NUG အဖွဲ့ဝင်တွေကို ထိတွေ့ဆက်ဆံနေကြတဲ့ နိုင်ငံတချို့နဲ့ နိုင်ငံတကာအဖွဲ့တွေအနေနဲ့ NUG အဖွဲ့က အကြမ်းဖက်လမ်းစဉ်နဲ့ နိုင်ငံရေးရည်မှန်းချက်ရဖို့ လုပ်နေတာကို သိရှိနားလည်ပြီး ဝိုင်းဝန်းရှုတ်ချတားဆီးကြဖို့ တိုက်တွန်းလိုပါတယ်။

ဒီလိုအစွန်းရောက်အကြမ်းဖက်မှု အားပေးနေတဲ့ကိစ္စတွေကို Facebook ဆိုတဲ့ဆိုရှယ်မီဒီယာရဲ့ပေါ်လစီနဲ့ နည်းပညာကလည်း လျစ်လျူရှုထားလို့ အကြမ်းဖက်မှုတွေ၊ အစွန်းရောက်မှုတွေ မြင့်တက်လာနေတဲ့အကြောင်း နိုင်ငံတကာမှာ ဖော်ထုတ်ဝေဖန်မှုတွေရှိနေသလိုပဲ တစ်ဖက်မှာလည်း **အခုလို NUG၊ PDF နဲ့ NLD အစွန်းရောက်ပြည်ဖျက်သမားတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လျစ်လျူရှုပြီး အကြမ်းဖက်ကြောင်းသိပါလျက် နှုတ်ဆိတ်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းကြီးတွေနဲ့ ဒီမိုကရေစီလက်ခံကျင့်သုံးနေကြတဲ့ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးသားတွေ၊ အစိုးရတွေကိုလည်း စာရေးသူအနေနဲ့ ဘာအတွက်ကြောင့် အကြမ်းဖက်မှုတစ်စုံတစ်ရာအတွက် မှတ်ချက်ပေးဖို့၊ ရှုတ်ချဖို့၊ တားမြစ်ဖို့ လက်တွန့်နေတာကို အံ့ဩဘနန်းဖြစ်ရသလို ဒီမိုကရေစီလက်ခံကျင့်သုံးနေတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့လည်း စိတ်မကောင်းဖြစ်မိပါတယ်။**

NUG/ PDF အကြမ်းဖက်အဖွဲ့တွေရဲ့ နိစ္စဓူဝ ဆောင်ရွက်နေကြတဲ့ အကြမ်းဖက်မှုတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ဖို့ ကြိုးစားခဲ့ကြတဲ့ အထောက်အထားတွေကိုကြည့်ရင် အခုထွက်ပေါ်နေတဲ့ “Hit List” ဆိုတာက အများကြီးငြင်းချက်ထုတ်နေဖို့ မလိုပါဘူး။ လူအများစိတ်ဝင်စားနေတဲ့ “Hit List” က ဘာလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ “Hit List” စာရင်းသတ်မှတ်ထားတာလဲဆိုတာ ယနေ့အကြမ်းဖက်လူသတ်ဖောက်ခွဲဖျက်ဆီးရေးလုပ်နေတဲ့ NUG နဲ့ PDF အဖွဲ့တွေရဲ့ လုပ်ရပ်တွေကိုကြည့်ရင် မြင်တွေ့သိရှိရမှာ ဖြစ်ပါတယ်။

**NUG/PDF ဆိုတာ ကမ္ဘာ့ပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်လူ့အဖွဲ့အစည်းကမျှ လက်မခံနိုင်တဲ့ အကြမ်းဖက်ဝါဒ (Terrorism) ကို ကိုင်စွဲဆောင်ရွက်နေတဲ့ အကြမ်းဖက်အဖွဲ့တွေဖြစ်တယ်ဆိုတာ သူတို့ကိုယ်တိုင်ပြောကြားချက်တွေ၊ နေ့စဉ်အကြမ်းဖက်မှုတွေနဲ့ ယခုတလောခေတ်စားနေတဲ့ “Hit List” ဆိုတဲ့ ငြင်းမရနိုင်တဲ့ အထောက်အထားတွေက ထပ်ဆင့်သက်သေညွှန်းဆို ပြသနေပါတယ်။ ဒီလို NUG/ PDF ရဲ့ “ငါနဲ့မတူ ငါ့ရန်သူ” ဆိုပြီး အပြစ်မဲ့ပြည်သူတွေကို လုပ်ကြံသတ်ဖြတ်နေတဲ့ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်ဝါဒကို မြန်မာနိုင်ငံမှာသာမက ဒေသတွင်းနဲ့ နိုင်ငံတကာမှာပါ ခြေကုပ်မယူနိုင်ရေးက အလွန်အရေးကြီးပါတယ်။**

ဒါကြောင့် NUG၊ PDF နဲ့ အစွန်းရောက် NLD အကြမ်းဖက်သမားတွေရဲ့လုပ်ရပ်တွေကို အကြမ်းဖက်ဝါဒကို မလိုလားတဲ့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ မြန်မာပြည်သူတွေအားလုံး လက်တွဲညီညီ ဝိုင်းဝန်းပူးပေါင်းတိုက်ဖျက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

■

# အင်းတော်မြို့နယ် အင်းတော်လေးအင်း၌ ငါးသားပေါက်ကောင်ရေ နှစ်သိန်းကျော် ငါးမျိုးစိုက်ထည့်

ကသာ နိုဝင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်လေးအင်း၌ ယနေ့နံနက် ၁၀ နာရီက ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ကသာခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးထွန်းလှအောင်နှင့် ဝန်ထမ်းများ၊ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့် အဖွဲ့ဝင်များ၊ အင်းတော်မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရေလုပ်သားကြီးများ တက်ရောက်သည်။

ငါးလုပ်ငန်း ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကို အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်လျက် ထီးချိုင့်မြို့နယ် အင်ကြင်းကုန်းငါးလုပ်ငန်းစခန်းမှ ငါးသားပေါက် နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၁၁၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၁၀၀၀၀ ကို အင်းတော်လေးအင်းအတွင်း ငါးမျိုးများစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**အေးမြသက်ထား**

# သံဖြူဇရပ်မြို့နယ် ဝဲကလောင်ကျေးရွာရှိ ကျိုက်နဲ့ရေလယ်စေတီတော်သို့ ဘုရားဖူးလာရောက်စဉ် လှိုင်းရိုက်ခတ်မှုကြောင့် ရေနစ်သေဆုံးခဲ့သူများနှင့် ဘုရားဖူးလာပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလောင်ကျေးရွာရှိ ကျိုက်နဲ့ရေလယ်စေတီတော်သို့ ဘုရားဖူးလာရောက်သည့် ဘုရားဖူးပြည်သူများသည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ပင်လယ်လှိုင်းရုတ်တရက်ရိုက်ခတ်မှုကြောင့် ပင်လယ်တွင်းပြုတ်ကျ၍ ပျောက်ဆုံးမှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် သံဖြူဇရပ်တပ်နယ်မှ တာဝန်ရှိသူများကသွားရောက်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ဘုရားဖူးလာပြည်သူများ ဘေးအန္တရာယ်ကင်းစေရေး လမ်းကြောင်းပြသခြင်းနှင့် လုံခြုံရေးဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးခဲ့ရာ ရေနစ်သေဆုံးခဲ့သူ သံဃာတော် တစ်ပါး၊ အမျိုးသားနှစ်ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၅ ဦးတို့ကို ရှာဖွေတွေ့ရှိခဲ့ပြီး သံဖြူဇရပ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင်လည်း အဆိုပါနေရာနှင့် အနီးတစ်ဝိုက်သို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအဖွဲ့များက စက်လှေ ၁၀ စင်းဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ သေဆုံးသူ အမျိုးသားတစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ငါးဦး ထပ်မံတွေ့ရှိသဖြင့် သံဖြူဇရပ်ဆေးရုံသို့ ထပ်မံပို့ဆောင်ပေးခဲ့ပြီး ယနေ့အထိ သေဆုံးသူ သံဃာတော် တစ်ပါး၊ အမျိုးသား သုံးဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၂၀ ဖြစ်ကြောင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အဆိုပါနေရာသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်၍ သေဆုံးသူများ၏ မိသားစုဝင်များကို အားပေးစကားပြောကြားပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်း လူမှုကူညီရေးအဖွဲ့များ၏ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျိုက်နဲ့ရေလယ်စေတီဆရာတော် ဦးခေမ္မထံ ကွယ်လွန်သူများအား ရည်စူး၍ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department ၏ (၁၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ကြိုဆိုသောအားဖြင့် နည်းပညာဆိုင်ရာစာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department ၏ (၁၃၅)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ကြိုဆိုသောအားဖြင့် နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



**(၁၃၅)နှစ်တိုင်ခဲ့ပြီ**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမင်းထိန်က ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးနှင့် ပြည်သူများ၏နေရေးဖြစ်သည့် မြို့ပြအိမ်ရာတိုက်တာအဆောက်အအုံစသည့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံ Transport Infrastructure ဖွံ့ဖြိုးရေး၊ လူမှုအခြေခံအဆောက်အအုံ Social Infrastructure အတွက် အင်ဂျင်နီယာ အတတ်ပညာများကို မဏ္ဍိုင်ပြုပြီး အရည်အသွေးစံချိန်စံညွှန်းပြည့်မီစွာဖြင့် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထိုကဲ့သို့အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစွာဆောင်ရွက်နိုင်ရန် အင်ဂျင်နီယာကဏ္ဍ၏ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များတွင် ခေတ်နှင့်အညီ လိုက်ပါနိုင်ရန် အင်ဂျင်နီယာနည်းပညာပိုင်းတိုးတက်ပြောင်းလဲမှု၊ သုတေသနအပိုင်း တီထွင်မှုအပိုင်းများကို တိုးတက်အောင်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်မှ အားထားရသော နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် ဝန်ကြီးဌာနကြီးတစ်ခုအဖြစ် ခေတ်အဆက်ဆက်ရပ်တည်ခဲ့ရာ Public Works Department (PWD) မှစ၍ ယခုဆိုလျှင် (၁၃၅)နှစ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း။

အဆောက်အဦကဏ္ဍတွင် ဗိသုကာဒီဇိုင်းပိုင်းမှစ၍ လျှပ်စစ်၊ ရေသန့် ပညာရပ်များသည် မြင့်မားလာသည်ကိုတွေ့ရှိရပြီး သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်၊ ဘာသာရေးအမွေအနှစ် အဆောက်အဦများကိုပါ ပြုပြင်မွမ်းမံရန် တာဝန်ပေးလာသည်ကို တွေ့ရသည့်အတွက် အင်ဂျင်နီယာများအနေဖြင့် အဆင့်ရှိရှိ စံချိန်မီမီတည်ဆောက်နိုင်ရေး ယဉ်ကျေးမှုဗိသုကာပညာနှင့် နည်းပညာများကို လေ့လာဆည်းပူးထားရှိနေရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့အတူ လမ်း/တံတား တည်ဆောက်ရာတွင်လည်း နိုင်ငံတကာနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်ရမည့် လမ်း/တံတားများကို စံချိန်စံညွှန်းမီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့ပြဒေသများနှင့် ပတ်သက်၍လည်း Better City ၊ Better Life ဆောင်ပုဒ်နှင့်အညီ ပိုမိုကောင်းမွန်သောမြို့၊ ပိုမိုကောင်းမွန်သောဘဝများ ဖြစ်လာရေး မြို့ပြအိမ်ရာပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာပံ့ပိုးပေးနေရမည်ဖြစ်ပြီး Town Planer မြို့ပြပညာရှင်များ များစွာပေါ်ထွန်းလာရေး ဆောင်ရွက်သွားရန် အကြံပြုပြောကြားလိုကြောင်း၊ ယခုအခါ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေးကို ဦးစားပေးနေသကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေသည့် အချိန်ကာလဖြစ်၍ လိုအပ်သည့်လုပ်ထုံးလုပ်နည်းများ ကျွမ်းကျင်သည့်ဝန်ထမ်းများ ဖြစ်လာရေး လေ့ကျင့်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံး၊ အဆောက်အဦဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စာတမ်းရှင်များက ၎င်းတို့၏ အတွေ့အကြုံ ဗဟုသုတ၊ နည်းပညာဆိုင်ရာစာတမ်းများကို သက်ဆိုင်ရာခေါင်းစဉ်အလိုက် ရှင်းလင်းဖတ်ကြားကြပြီး တက်ရောက်လာသည့် အရာထမ်း/အမှုထမ်းများက သိရှိလိုသည်များကို အပြန်အလှန် နည်းပညာဗဟုသုတများ ဆွေးနွေးဖလှယ်ကြသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန Public Works Department ၏ (၁၃၅) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို ကြိုဆိုသောအားဖြင့် နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့တွင် ပြည်ထောင်စုဝန်ကြီးရုံး၊ အဆောက်အဦဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စာတမ်းရှင်များက လည်းကောင်း၊ နိုဝင်ဘာ ၂၃ ရက်တွင် လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနတို့မှ စာတမ်းရှင်များက လည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် ပြည်ထောင်စုဝန်ကြီးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စာတမ်းရှင်များကလည်းကောင်း သက်ဆိုင်ရာခေါင်းစဉ်အလိုက် ရှင်းလင်းဖတ်ကြားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချ

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ၇၀၇၀ ဒသမ ၅၅ တန် ရောင်းချခဲ့ပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့်စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၁၂ သန်းဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို နိုဝင်ဘာ ၉ ရက်မှစတင်ပြီး တိုင်းဒေသကြီး/ပြည်နယ်ဒေသအသီးသီးရှိ လက်လီ/လက်ကား ရောင်းချသူများသို့ တစ်ပိဿာလျှင် လက်ကားဈေးကျပ် ၄၂၄၀ ဖြင့် နေ့စဉ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး နှင့် မွန်ပြည်နယ်တို့အတွက် စားအုန်းဆီတန်ချိန် ၇၀၇၀ ဒသမ ၅၅ တန်၊ ပိဿာ ၄၃၂၇၁၈၀ ရောင်းချခဲ့ပြီးဖြစ်သည်။ ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် ဆီအသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူ ရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် နှစ်ရာခိုင်နှုန်းထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက်(ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်း-၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဖုန်း-၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာလ ၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၈) တွင် ဖော်ပြထားသည့် စာပေဗိမာန်စာမူဆု ပထမဆုရရှိခဲ့ကြသော စာရေးဆရာ ဆရာမများအား တွေ့ဆုံမေးမြန်းခဲ့သည့် သတင်းအင်တာဗျူး ဒုတိယကော်လံ ဒုတိယအပိုဒ်တွင် ပါရှိသည့် **“မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ” စာမူအမည်** အစား **“မြန်မာ့မေတ္တာစွမ်း ကမ္ဘာကို လွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ” စာမူအမည်** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်း**

❒ ကျောဖုံးမှ

ထိုသို့ တာဝန်ထမ်းဆောင်ရာတွင် ဆေးရုံ၊ ဆေးခန်းများသည် မရှိမဖြစ်လိုအပ်လျက်ရှိရာ လူနာများအတွက်လည်း များစွာအထောက်အကူဖြစ်သည့် အခန်းကဏ္ဍ၌လည်း ပါဝင်လျက်ရှိသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာများကို အစိုးရ၊ တပ်မတော်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် မလိုလားသည့် အကြမ်းဖက်အုပ်စုများဖြစ်သော CRPH ၊NUG၊ PDF စသည့်အဖွဲ့အစည်းများက နိုင်ငံ့အကျိုး တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများကို အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်းများအပြင် ဆေးရုံ၊ ဆေးခန်းများကိုလည်း မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဆေးရုံ၊ ဆေးခန်း ၂၅ ခု ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

## ၁-၂-၂၀၂၂ မှ ၁၅-၁၁-၂၀၂၂ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ ဆေးရုံ/ဆေးခန်းများအား အကြမ်းဖက်သမားများက တိုက်ခိုက်မှုကြောင့် ပျက်စီးမှုစာရင်း

| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | ခရိုင်/မြို့နယ် | ဌာနဆိုင်ရာရုံး၊ အဆောက်အအုံ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၁၄-၃-၂၀၂၂ | ရန်ကုန် | အရှေ့ပိုင်း တောင်ဥက္ကလာပ | တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး | မီးရှို့ဖျက်ဆီး။ |
| ၂ | ၁၂-၄-၂၀၂၂ | ရှမ်း | မိုင်းယောင်း | ဆေးရုံ | မီးရှို့ဖျက်ဆီးမှုကြောင့် ဆေးရုံမှန်များ ပျက်စီး |
| ၃ | ၁၅-၃-၂၀၂၂ | မကွေး | မြို့သစ် | မထွဲကျေးရွာ ကျေးလက်ကျန်းမာရေးဦးစီးဌာန | မီးရှို့ဖျက်ဆီးမှုကြောင့် ဆေးရုံမီးလောင်ပျက်စီး |
| ၄ | ၂၂-၄-၂၀၂၂ | ကချင် | ဖားကန့် | ရစဖ(နမ္မဖြစ်)၊ အထကခွဲ(နမ္မဖြစ်)နှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်း | ဆေးပေးခန်းတွင်လွှင့်ထူထားသည့် နိုင်ငံတော်အလံအားမီးရှို့ဖျက်ဆီး |
| ၅ | ၈-၅-၂၀၂၂ | ရှမ်း | တာချီလိတ် | ခရိုင်ဆေးရုံဝင်း | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၆ | ၁၃-၅-၂၀၂၂ | ကရင် | လှိုင်းဘွဲ့ | မြို့နယ်ပြည်သူ့ဆေးရုံ | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၇ | ၄-၅-၂၀၂၂ | ကချင် | ဗန်းမော် | ပြည်သူ့ဆေးရုံကြီး | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၈ | ၇-၅-၂၀၂၂ | ကရင် | ကော့ကရိတ် | ဗိုလ်ချုပ်လမ်းနှင့်ပြည်သူ့ဆေးရုံလမ်းဆုံ | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၉ | ၁၉-၅-၂၀၂၂ | ကရင် | ကြာအင်းဆိပ်ကြီး | (၁)ရပ်ကွက် | လက်လုပ်မိုင်းပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၁၀ | ၁၉-၅-၂၀၂၂ | ရန်ကုန် | မင်္ဂလာဒုံ | သားဖွားမီးယပ်နှင့်ကလေးဆေးရုံ | ဆေးရုံခြံစည်းရိုးအနီး၌ လက်လုပ်မိုင်းတွေ့ရှိ |
| ၁၁ | ၂၅-၅-၂၀၂၂ | စစ်ကိုင်း | ရေဦး | ပြည်သူ့ဆေးရုံကြီး | ဆေးရုံကြီးအတွင်းရှိ လမ်းပေါ်၌ လက်လုပ်မိုင်းပေါက်ကွဲ |
| ၁၂ | ၃၁-၅-၂၀၂၂ | ပဲခူး | ကျောက်တံခါး | တောကျွဲအင်းတိုက်နယ်ဆေးရုံ | လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၃ | ၃၁-၅-၂၀၂၂ | မကွေး | ဂန့်ဂေါ | ဟံသာဝတီတိုက်နယ်ဆေးရုံ | လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၄ | ၆-၆-၂၀၂၂ | ဧရာဝတီ | မအူပင် | ခရိုင်ဆေးရုံဝင်း | ဆေးရုံရှိ ကလေးကုသဆောင်အနီး လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၅ | ၉-၈-၂၀၂၂ | စစ်ကိုင်း | ခင်ဦး | ပြည်သူ့ဆေးရုံ | လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၆ | ၁၁-၈-၂၀၂၂ | ရန်ကုန် | တောင်ဥက္ကလာပ | ကလေးဆေးရုံကြီး | ဆေးရုံရှေ့လမ်းဘေး၌ လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၇ | ၂၇-၈-၂၀၂၂ | မွန် | ကျိုက်ထို | ကျေးလက်ကျန်းမာရေးဆေးခန်း | ဆေးပေးခန်းအတွင်းသို့ လက်ပစ်ဗုံးပစ်ပေါက်မှုကြောင့် အနည်းငယ်ပျက်စီး |
| ၁၈ | ၂၈-၈-၂၀၂၂ | ရန်ကုန် | အင်းစိန် | ပြည်သူ့ဆေးရုံ | ဆေးရုံရှေ့လမ်း၌ လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၁၉ | ၂၉-၈-၂၀၂၂ | မန္တလေး | မတ္တရာ | ကျေးလက်ကျန်းမာရေး ဆေးပေးခန်း | လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွား |
| ၂၀ | ၇-၉-၂၀၂၂ | နေပြည်တော် | ဇမ္ဗူသီရိ | ရပ်ကွက်ကျန်းမာရေးရုံး | ကျန်းမာရေးရုံးရှေ့၌ လက်ပစ်ဗုံးတွေ့ရှိ |
| ၂၁ | ၅-၁၀-၂၀၂၂ | မန္တလေး | စဉ့်ကိုင် | ကျေးလက်ဆေးပေးခန်း | လက်ပစ်ဗုံးပေါက်ကွဲမှုကြောင့် အနည်းငယ်ပျက်စီး |
| ၂၂ | ၁၁-၁၀-၂၀၂၂ | ကချင် | ဖားကန့် | ဆိပ်မူကျေးရွာ ကျေးလက်ဆေးပေးခန်း | လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွား |
| ၂၃ | ၃၀-၁၀-၂၀၂၂ | မန္တလေး | သာစည် | ညောင်ရမ်းတိုက်နယ်ဆေးရုံ | လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွား |
| ၂၄ | ၉-၁၁-၂၀၂၂ | မွန် | ဘီလင်း | ပြည်သူ့ဆေးရုံ ဆိုင်းဘုတ် | လက်လုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား |
| ၂၅ | ၁၁-၁၁-၂၀၂၂ | ချင်း | မင်းတပ် | ခရိုင်ဆေးရုံဝင်း | ဆေးရုံဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများအား လက်နက်ငယ်များဖြင့်ပစ်ခတ်မှုဖြစ်ပွား |



၄-၅-၂၀၂၂ ရက်တွင် ဗန်းမော်မြို့ ပြည်သူ့ဆေးရုံ၌ မိုင်းပေါက်ကွဲမှု။

၆-၆-၂၀၂၂ ရက်တွင် မအူပင်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး ရုံးဝင်းအတွင်း၌ လက်လုပ်မိုင်းပေါက်ကွဲမှု။



## ၁-၂-၂၀၂၂ ရက်မှ ၁၅-၁၁-၂၀၂၂ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ဆူပူအကြမ်းဖက်သောင်းကျန်းသူများ တိုက်ခိုက်ခံခဲ့ရသည့် ဆေးရုံ/ဆေးခန်းများ ဦးစီးဇယား

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | ဆေးရုံ/ဆေးခန်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | နေပြည်တော် | ၁ | ၁ | |
| ၂ | ကချင် | ၂ | ၃ | |
| ၃ | ကရင် | ၃ | ၃ | |
| ၄ | ချင်း | ၁ | ၁ | |
| ၅ | စစ်ကိုင်း | ၂ | ၂ | |
| ၆ | ပဲခူး | ၁ | ၁ | |
| ၇ | မကွေး | ၂ | ၂ | |
| ၈ | မန္တလေး | ၃ | ၃ | |
| ၉ | မွန် | ၂ | ၂ | |
| ၁၀ | ရန်ကုန် | ၃ | ၄ | |
| ၁၁ | ရှမ်း | ၂ | ၂ | |
| ၁၂ | ဧရာဝတီ | ၁ | ၁ | |
| စုစုပေါင်း | | ၂၃ | ၂၅ | |

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဆေးရုံ၊ ဆေးခန်းများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်နေမှုအပေါ် လူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါကနီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာဆက်သွယ် သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

အမျိုးသားအောင်ပွဲနေ့အကြို ဂုဏ်ပြုဆောင်းပါး

# အမျိုးသားနေ့မှသည် အနာဂတ်ဆီသို့ • • •

ဒေါက်တာမောင်ကျော်၊ ပါမောက္ခချုပ်(ငြိမ်း)



မြန်မာအမျိုးသားပညာရေးလှုပ်ရှားမှုတစ်ရပ် ၁၉၂၀ ပြည့်နှစ်ထဲမှာ ကြီးကြီးမားမားပေါ်ပေါက်ခဲ့ပါတယ်။ လွတ်လပ်ရေးအတွက် ရှေ့ပြေးဖြစ်ခဲ့ပါတယ်။ ဒီလှုပ်ရှားဆောင်ရွက်ချက်ဟာ အမျိုးသားရေးကိစ္စကို ဗဟိုပြုခဲ့တာဖြစ်ပါတယ်။ အမျိုးသားအကျိုးစီးပွား(National Interest) ကောင်းကျိုးအတွက်ပဲဖြစ်ခဲ့ပါတယ်။ အထွေထွေနောက်မကျရေး၊ ဗလငါးတန်ဖွံ့ဖြိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုတွေနဲ့ စည်းလုံးညီညွတ်ရေးတို့ဟာ တကယ့်ကိုဦးတည်ရမယ့် အမျိုးသားရေးကိစ္စ၊ အမျိုးသားအကျိုးစီးပွားပဲဖြစ်ပါတယ်။

**အမျိုးသားကျောင်းတွေ ဖွင့်လှစ်သင်ကြား**

ဒီလှုပ်ရှားမှုရဲ့ အကြောင်းရင်းဇာစ်မြစ်ကတော့ မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာတော့မယ့် ရန်ကုန်တက္ကသိုလ်မှာ မြန်မာတို့တက်ရောက်ရန် ခက်ခဲတဲ့ ဥပဒေကို ဗြိတိသျှအစိုးရက တင်သွင်းခဲ့တာက စခဲ့တာဖြစ်ပါတယ်။ သီပေါမင်းပါတော်မူတဲ့နှစ်က စရေတွက်မယ်ဆိုရင် မြန်မာနိုင်ငံဟာ သူ့ကျွန်ဘဝရောက်ခဲ့တာ နှစ်ပေါင်း သုံးဆယ်၊ လေးဆယ်နီးပါးကြာခဲ့ပြီဖြစ်ပါတယ်။ တိုင်းတစ်ပါးလက်အောက်က လွတ်မြောက်လိုတဲ့ဆန္ဒ ပြင်းပြတဲ့ကာလ မြန်မာတို့ဟာ နိုးကြားခဲ့တာဖြစ်ပါတယ်။ အမျိုးသားကျောင်းတွေ ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ စာမေးပွဲတွေမှာ အင်္ဂလိပ်အစိုးရကျောင်းတွေလောက် အောင်ချက်မကောင်းပေမယ့် မျိုးချစ်စိတ်၊ ဝံသာနုစိတ်၊ လွတ်လပ်ရေးရလိုတဲ့စိတ်ဓာတ်တွေ မွေးမြူနိုင်တာမို့ အတိုင်းမသိ အကျိုးထူးခဲ့ပါတယ်။

အမျိုးသားပညာရေးဖြစ်ဖို့ ကနဦးတာထွက်ခဲ့တဲ့ University Boycott မှသည် လွတ်လပ်ရေးရဖို့ သက်စွန့်ကြိုးပမ်းခဲ့တဲ့ တိုင်းရင်းသားလူမျိုးအသီးသီးတို့ကလည်းကောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်ကြီးက အမျိုးစောင့်ဝံသာနုရက္ခိတတရားပွားများအောင် ဆောင်ရွက်ချက်တွေက လည်းကောင်း၊ တို့ဗမာအစည်းအရုံးရဲ့ နိုင်ငံရေးအမြင် ကြည်လင်စူးရှအောင် ဆောင်ရွက်ချက်တွေကလည်းကောင်း၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ထက်သန်ကြတဲ့ ရဲဘော်သုံးကျိပ်အမှူးပြုတဲ့ မျိုးချစ်တွေနဲ့ တိုင်းရင်းသားပြည်သူလူထု လက်တွဲပြီး နိုင်ငံရေးဆောင်ရွက်ချက်တွေက လည်းကောင်း မြန်မာနိုင်ငံရဲ့ သမိုင်းမော်ကွန်းတွေ ဖြစ်ပါတယ်။ ယနေ့အချိန်အခါကာလမျိုးမှာ ပိုပြီး တမ်းတ လွမ်းတသသဖြစ်ရပါတယ်။

လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးရပြီးကာလမှာ ဗြိတိသျှ၊ အိန္ဒိယ၊ သီရိလင်္ကာနိုင်ငံတွေမှာ ဆိုရှယ်လစ်စနစ်ကျင့်သုံးတဲ့ကိစ္စဟာ ရေပန်းစားလေတော့ မြန်မာဟာလည်း ပြောဖွယ်ရာမရှိဖြစ်တဲ့ကာလ၊ နိုင်ငံရေးအယူအဆ အတွေးအခေါ်တွေ အဖွဲ့အစည်း လူထုအတွင်းမှာ စိမ့်ဝင်ခဲ့ကာ သွေးခွဲသပ်လျှိုမှုတွေကို နိုင်ငံ့ခေါင်းဆောင်တွေ ကြုံခဲ့ရပါတယ်။ မြန်မာဟာ အိန္ဒိယနဲ့ သီရိလင်္ကာနိုင်ငံတွေနဲ့ မရှေးမနှောင်း လွတ်လပ်ရေးရခဲ့ပါတယ်။ အိန္ဒိယက ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ လွတ်လပ်ရေးရခဲ့ပါတယ်။ အိန္ဒိယက ၁၉၅၀ ပြည့်နှစ်မှာ ဖွဲ့စည်းပုံနဲ့သမ္မတနိုင်ငံ ထူထောင်ခဲ့ပါတယ်။ ဒီမတိုင်မီ ၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့ကတည်းက ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်တွေဟာ အစိုးရအဖွဲ့ထဲကို ရောက်နေပြီဖြစ်ပါတယ်။ ပြည်တွင်းနိုင်ငံရေးအင်အားစုတွေ အာဃာတတွေ၊ မကျေမနပ်မှုတွေ ရှိခဲ့ပေလိမ့်မယ်။ ဖဆပလအဖွဲ့ချုပ်ကြီး နှစ်ခြမ်းကွဲတော့မည်ကို ဦးသန့်က သိနေသည်။ အာဏာလွန်ဆွဲပွဲတွေ တစ်စစ တစ်စ ကြီးမားလာနေလေတော့ ဦးသန့်ကိုယ်တိုင်ပင်လျှင် မြန်မာ့နိုင်ငံရေးဇာတ်ခုံကို စိတ်ကုန်သလောက်ဖြစ်နေပြီလို့ မောင်ရွှေခေတ်ရေးသော ဦးသန့်၏ ဘဝအတွေ့အကြုံများစာအုပ်တွင် ဖတ်ရှုရပါတယ်။

ပန်းတနော် အမျိုးသားကျောင်းဆရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဟာ သူ့တပည့်တွေကို နှုတ်ဆက်စကားပြောကြားရာမှာ– "တပည့်တို့ လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြပါ။ လူတော်မဖြစ်လျှင်တောင်မှ လူကောင်းဖြစ်အောင် ကြိုးစားကြပါ၊ ဒီနေ့ဒို့နိုင်ငံမှာ လူတော်လည်း သိပ်ရှားတယ်။ လူဆိုးတွေလည်း အများကြီးပဲ"လို့ ထည့်သွင်းပြောသွားခဲ့တာကို ဖတ်ရပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေ ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခံလိုက်ရပါတော့တယ်။

**ဝိသေသလက္ခဏာတွေ**

ဘေးပယောဂတွေ ရှိခဲ့တာတွေကတစ်မှောင့်၊ အမျိုးသားရေး ဝိသေသလက္ခဏာတွေကို သတိလက်လွတ်တဲ့ သဘောဆောင်ခဲ့ပါလိမ့်မယ်။

> **အမျိုးသားရေးကိစ္စတွေ တည်တံ့ရှင်သန်အောင်၊ ထွန်းကားအောင် စာပေတွေ၊ ဂီတအနုပညာပန်းချီကားချပ်ကြီးတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ သဘာဝအလှအပတရားတွေက ထိန်းပေးနိုင်ပါတယ်။ အမြင့်ဆုံးထိန်းကျောင်း တည့်မတ်ပေးနိုင်တာကတော့ ပညာရေးပဲ။ ပညာရေးဟာ နိုင်ငံနဲ့လူမျိုး ရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့ဘောင်ရဲ့ ညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုရဲ့ အရင်းခံဖြစ်ပါတယ်။ ပညာရေးက အမြော်အမြင်နဲ့ ဉာဏ်ရည်ဉာဏ်သွေး မြင့်အောင်၊ နှလုံးရည်မြင့်မားအောင်အထိ စွမ်းဆောင်နိုင်ပါတယ်။ နိုင်ငံနဲ့ လူမျိုးရဲ့အသက်ဝိညာဉ်ဟာ ပညာရေးပဲဖြစ်**

လွတ်လပ်ရေးရပြီး ပန်းတိုင်ရောက်ပြီမို့ နားနားနေနေ ပျော်ပျော်ရွှင်ရွှင်နဲ့ ခရီးဆက်ကြရမယ့်အစား နိုင်ငံရဲ့ အင်အားစုတွေဟာ သဟဇာတဖြစ်မလာကြဘဲ အချင်းချင်း အားပြိုင်အနိုင်ယူလိုမှုအောက်မှာ ပြည်သူတွေဟာ ကျီးလန့်စာစား၊ ကံကို ရိုးမယ်ဖွဲ့၊ ဖြစ်သမျှ အကြောင်း အကောင်းချည်းပဲလို့ ခံယူခဲ့သူများပါတယ်။

လွတ်လပ်ရေးရရှိဖို့ မနေ့ကကိစ္စတွေကို ခွန်နဲ့အားနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ ဘိုးဘေးဘီဘင်တွေဟာ အနော်ရထာ၊ ကျန်စစ်သား စတဲ့ ဘုရင်မင်းမြတ်နဲ့ ပုဂံခေတ်ပြည်သူတွေလို တာဝန်ကျေပွန်ခဲ့ပါတယ်။ သူတို့ရဲ့သာယာဝပြောမှုကို ရှေ့တန်းမတင်၊ အနစ်နာခံ၊ နေ့မအားညမနား အားထုတ်ခဲ့သူတွေဖြစ်ပါတယ်။ သူတို့ထားခဲ့တဲ့အမွေအနှစ် အတွေ့အကြုံနဲ့ အသီးအပွင့်ဖြစ်တဲ့ လွတ်လပ်ရေးကို ကျွန်တော်တို့ တစ်တွေခံစားရတာဖြစ်ပါတယ်။ မိဘ၊ အဘိုး၊ အဘွားတို့ရဲ့ခွန်အားအမြော်အမြင်နဲ့ စီမံပြုလုပ်ခဲ့တဲ့ အသီးအပွင့် အမွေအနှစ်တွေကို ခံစားကြသူတွေဖြစ်ပါတယ်။ မနက်ဖြန်ကိစ္စတွေဟာ အနာဂတ်လူငယ်တွေနဲ့ ပြည်သူတွေ ပိုင်ဆိုင်ကြပါတယ်။ တာဝန်ယူကြရလိမ့်မယ်။ ကောင်းမွေ ဆိုးမွေတွေထဲက ဘယ်လိုကောင်းမွေတွေကို ခွဲခြားယူကြမလဲဆိုတာ သူတို့ဆုံးဖြတ်ကြရလိမ့်မယ်။

**နိုင်ငံရေးအမြော်အမြင်အရ သုံးသပ်ချက်**

ကောင်းမွေတွေကိုယူတတ်ဖို့နဲ့ မကောင်းတာတွေ ပယ်တတ်တဲ့ အရည်အချင်းနဲ့ ဉာဏ်အမြော်အမြင်တွေရှိဖို့ ပြင်ဆင်ကြရပါလိမ့်မယ်။ "နိုင်ငံရေးနယ်ပယ်မှ ပါတီများဟာ တန်ဖိုးအသီးသီးရှိကြသည်ကို အဘက်ဘက်မှ ဝန်ခံရမယ်။ ကောင်းမွန်သောအခြေအနေကို ထင်ရှားစေပါသည်။ ပါတီစုံစနစ်မှာ ပါတီတွေ များပြားလာပါက ဆရာများ သားသေ၊ ငါးသိုင်းများ ဟင်းဟုံသောအဖြစ်မျိုးနဲ့ တူလေသည်"ဆိုသော ဦးသန့်ရဲ့ နိုင်ငံရေးအမြော်အမြင်အရ သုံးသပ်ချက်ဟာ မှန်နေပြီလော။ ယူကေဝန်ကြီးချုပ် ဂျွန်မေဂျာက "နိုင်ငံရေးဆိုသည် အတွေးအခေါ်ဝါဒ (Ideology) ရဲ့ အခန်းကဏ္ဍတစ်ခုတည်းမဟုတ်။ အဲဒီဝါဒရဲ့လုပ်ငန်းစဉ်ကို လက်တွေ့ကျကျသက်ဝင်လှုပ်ရှားပါဝင်ရမယ်။ နိုင်ငံရေးသမားတွေမှာ အာဏာရှိတဲ့အခါ၊အစိုးရအဖွဲ့ထဲ ရောက်လာတဲ့အခါ၊ ရွေးချယ်မှုခံရတဲ့အခါ တကယ်တမ်းကြည့်ရှုစောင့်ရှောက်ရမှာက ထိုနိုင်ငံရဲ့အကျိုးစီးပွားဖွံ့ဖြိုးရေးပဲဖြစ်တယ်"လို့ ၁၉၉၈ ခုနှစ် မတ်လထုတ် Newsweek မဂ္ဂဇင်းမှာ ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။

ဦးသန့်သည် ဘယ်သောအခါမှ နိုင်ငံရေးပါတီသို့ ဝင်ရောက်ခြင်းမရှိ၊ ပါတီထောင်နိုင်သော လူသစ်တစ်ဦးပေါ်လာတိုင်း ရင်ခုန်မိသည်။ တူညီဝတ်စုံနှင့် ပတ်သက်၍ ဦးသန့်က လွတ်လပ်မှုကိုအားပေးသည်။ ဗိုလ်ချုပ်အောင်ဆန်းက အမိနိုင်ငံအတွက် ညီရင်းအစ်ကိုကဲ့သို့တစ်စိတ်တစ်သဘောတည်း တညီတညွတ်တည်း ပူးတွဲသစ္စာရှိမှုကိုညွှန်းသည်။ ပြည်တွင်းဖြစ်အထည်တွေကို ဝတ်ရမည်။ "အရေးပါ အရာရောက်ရမည်" ဆိုသည့် ပင်ကိုစိတ်သဘောထား၊ "အမိနိုင်ငံတော်အတွက်"၊ "အရေးပါ အရာရောက်ရမည်" စသည့်အမြော်အမြင်တို့ဟာ ထူးခြားတဲ့အမျိုးသားရေးလက္ခဏာများပဲဖြစ်ပါတယ်။ "လွတ်လပ်မှုကို အားပေးသည်" ဟု ဦးသန့်ဆိုရာ၌ တစ်ရွာနှင့်တစ်ရွာ သီဆိုသောတေးသီချင်း၊ ရွတ်ဆိုသောဂါထာ၊ ရိုးရာတိုင်းရင်းသားတို့ရဲ့ ထူးခြားလှပတဲ့ဝတ်စုံဟာ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းကို ဆန်းရမည်။ စွမ်းရည်အသီးသီးရှိကြသည်ကို အမြင့်ဆုံးသို့ရောက်ရန် ညွှန်းခြင်းဖြစ်တယ်လို့ မြင်ပါတယ်။

အမျိုးသားရေးကိစ္စတွေ တည်တံ့ရှင်သန်အောင်၊ ထွန်းကားအောင် စာပေတွေ၊ ဂီတအနုပညာပန်းချီကားချပ်ကြီးတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ သဘာဝအလှအပတရားတွေက ထိန်းပေးနိုင်ပါတယ်။ အမြင့်ဆုံးထိန်းကျောင်း တည့်မတ်ပေးနိုင်တာကတော့ ပညာရေးပဲ။ ပညာရေးဟာ နိုင်ငံနဲ့ လူမျိုးရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့ဘောင်ရဲ့ ညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုရဲ့ အရင်းခံဖြစ်ပါတယ်။ ပညာရေးက အမြော်အမြင်နဲ့ ဉာဏ်ရည်ဉာဏ်သွေးမြင့်အောင်၊ နှလုံးရည်မြင့်မားအောင်အထိ စွမ်းဆောင်နိုင်ပါတယ်။ နိုင်ငံနဲ့လူမျိုးရဲ့အသက်ဝိညာဉ်ဟာ ပညာရေးပဲဖြစ်ပါတယ်။

**ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ**

အမျိုးသားရေးလက္ခဏာတွေရှိတဲ့ နိုင်ငံတွေကို ထောက်ပြပါဆိုလျှင် လေ့လာဆည်းပူးမှုအရ ဂျာမနီနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ ဖြစ်ပါတယ်။ ဂျပန်ဟာ စစ်ရှုံးတော့ စစ်လျော်ကြေးပေးရတဲ့နိုင်ငံ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာမှာ ပြာပုံဘဝက ထခဲ့ရတယ်လို့ခန့်မှန်းလို့ရပါတယ်။ ဂျပန်ဟာ တိုင်းပြည်ရဲ့ ၁၀ ရာခိုင်နှုန်းကို အရင်းရှင်စနစ်၊ ကျန် ၉၀ ရာခိုင်နှုန်းကို ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ တိုင်းပြည်ကို ပြာပုံကထဖို့ နှစ်ပြိုင်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တာ အလုပ်ဖြစ်ခဲ့တယ်။ Made in Japan ဆိုတာ"အရည်အသွေးညံ့လိုက်တာ" ဆိုတဲ့ ပြက်ရယ်ပြုတဲ့စကားကို သည်းခံနိုင်စွမ်းရှိတယ်။ သင်ယူလိုစိတ်၊ အများတကာထက် နောက်ကျကျန်ရစ်မှာကို စိုးရိမ်တဲ့စိတ်တွေဟာ ဂျပန်တို့အတွက် ချမ်းသာခြင်းအကြောင်းတရားတွေပဲ၊ အမျိုးကိုချစ်တဲ့စိတ်၊ အမျိုးသားရေးစိတ်ဓာတ်မယိမ်းမယိုင် ခိုင်မာလို့ပဲလို့ သုံးသပ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်များမှာ ဂျပန်ရဲ့ ဗျူရိုကရက်တစ် အရင်းရှင်စနစ်ဟာ အံ့သြဖွယ်ကောင်းလောက်အောင် အောင်မြင်ခဲ့တာတွေ့ရပါတယ်။ ၁၉၉၇ ခုနှစ်မှာ အဆင့်မြင့်ပညာရှင်တွေ နည်းပညာလုပ်သားပညာရှင်အင်အား ၆၇ ဒသမ ၉ သန်းအထိ ရောက်ခဲ့ပါတယ်။ ဆိုရှယ်လစ်၊ အရင်းရှင်နိုင်ငံရေးအင်အားစုတောင့်တင်းသလို နည်းပညာရှင်အင်အားဟာလည်း အမျိုးသားရေးအင်အားစုပဲ၊ မြင့်မားတဲ့ ဒီနည်းပညာစွမ်းပကားဟာ နှစ်သုံးရာကြာရပ်တည်နေမယ့် အာရှက နိုင်ငံတစ်နိုင်ငံဖြစ်တယ်လို့ ခန့်မှန်းကြပါတယ်။ နှစ်ခြမ်းကွဲခဲ့တဲ့ ဗီယက်နမ်၊ ဂျာမနီနိုင်ငံတို့ဟာ နိုင်ငံရေးအင်အားစုတွေ၊ ကာကွယ်ရေး အင်အားစုတွေကောင်းလို့ ကွဲပြားခြားနားတဲ့ နိုင်ငံရေးသဘောတရား (Ideology) အပေါ် သဘောထားကြီးနိုင်တဲ့ အမျိုးသားရေး အမြော်အမြင်၊ ဂျာမန်ဆိုတဲ့ အမျိုးသားရေးစိတ်ဓာတ်တွေက ပေါင်းစည်းပေးလိုက်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

"ကျွန်တော်တို့ဟာ လူဦးရေထူပြောတဲ့တရုတ်၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကြားမှာရှိတယ်။ တိုင်းတစ်ပါးအောက် ရောက်ခဲ့ပြီဆိုကတည်းက မြန်မာတို့ ရှန်းကန်ကြီးထွားလာခဲ့ရပုံတွေဟာ အခြားသောနိုင်ငံတွေနဲ့ မတူညီခဲ့တော့ပါဘူး။ အနီးစပ်ဆုံးဥပမာကတော့ ထိုင်းနိုင်ငံပါပဲ။ ကိုလိုနီနိုင်ငံမဖြစ်ခဲ့ပါဘူး။ ဘုရင်စနစ်ဟာ ယနေ့တိုင် တည်မြဲလျက်ရှိနေပါတယ်။ **စာမျက်နှာ ၁၁ သို့** ◯

၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက်
အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး၊
★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး၊
★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး၊

၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက်
အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

# စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးဆွေးနွေးပွဲ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

စတုတ္ထအကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးဆွေးနွေးပွဲ (4th World Media Summit) ကို "Media Growth Strategy under the Impact of COVID–19" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ကမ္ဘာ့ရုပ်သံသတင်းမီဒီယာနယ်ပယ်မှ ထိပ်ပိုင်းခေါင်းဆောင် ၂၄၀ ခန့်နှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကျွမ်းကျင်ပညာရှင် ၄၀ ခန့် တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ကြသည်။



အဆိုပါဆွေးနွေးပွဲတွင် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အတွက် နည်းပညာပိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုနှင့် ပိုမိုကောင်းမွန်သည့် သဘောထားအမြင်များ(Media Development: New Technol–ogy, Better Vision )၊ မီဒီယာဈေးကွက်တွင် မိတ်ဖက်အဖွဲ့အစည်းသစ်များနှင့် ဈေးကွက်သစ်များ (Media Marketing: New Partners, New Markets)၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၏ အနှစ်သာရဖြစ်သော ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေး အခြေအနေတွင် မီဒီယာအရေးပါမှု (In the Spirit of Science and Cooperation: Media Response in Public Health Emergencies)၊ ပြည်သူလူထုအတွင်း မီဒီယာ၏ ပေါင်းကူးဆက်သွယ်မှု(Media: A Bridge Among Civilizations)၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွင်း မီဒီယာ၏အခန်းကဏ္ဍ (Media's Role in Global Development) အကြောင်းအရာများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် World Media Summit Global Awards for Excellence အခမ်းအနားကို အွန်လိုင်းဖြင့် ဆက်လက်ကျင်းပပြီး Winter Sports Photo ဆုရရှိသူစာရင်းအား ထုတ်ပြန်ကြေညာသည်။

**စီစဉ်ကျင်းပ**

ပထမအကြိမ် ကမ္ဘာ့မီဒီယာထိပ်သီးဆွေးနွေးပွဲကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ တရုတ်နိုင်ငံ ပေကျင်းမြို့တွင် လည်းကောင်း၊ ဒုတိယအကြိမ် ဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ် ဇူလိုင် ၅ ရက်မှ ၇ ရက်အထိ ရုရှားနိုင်ငံ မော်စကိုမြို့တွင်လည်းကောင်း၊ တတိယအကြိမ် ဆွေးနွေးပွဲအား ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်မှ ၂၁ ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့တွင် လည်းကောင်း ကျင်းပခဲ့ရာမှ ယခုစတုတ္ထအကြိမ် ထိပ်သီးဆွေးနွေးပွဲကို ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဆင်ဟွာသတင်းအေဂျင်စီ (Xinhua)မှ ဦးဆောင်၍ ကမ္ဘာကျော် မီဒီယာအဖွဲ့အစည်းများ ဖြစ်ကြသည့် အေပီသတင်းဌာန (Associated Press)၊ ရိုက်တာ (Reuters)၊ ရုရှားသတင်းအေဂျင်စီ (TASS Russian News Agency)၊ ကျိုဒိုသတင်းဌာန (Kyodo News)၊ ဘီဘီစီသတင်းဌာန (BBC)နှင့် Google တို့ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ မီဒီယာအဖွဲ့အစည်းကိုးခုတို့နှင့်ပူးပေါင်းပြီး ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ စာမျက်နှာ ၁၀ မှ

**အမျိုးသားရေး စရိုက်လက္ခဏာတွေ**

ပြန်ပြီးကောက်ရရင် လွတ်လပ်ရေးရခါစ၊ ရပြီးနောက်ပိုင်း ၁၀ နှစ်အတွင်းမှာ မြန်မာ့နိုင်ငံရေး အကျပ်အတည်းရှိခဲ့တာကို တွေ့ရပါတယ်။ လက်နက်စွဲကိုင်မှုတွေအထိ မြင်ခဲ့တော့ မြန်မာ့တပ်မတော်ဟာ အမိနိုင်ငံတော်အတွက် အမျိုးသားနိုင်ငံရေးထဲရောက်လာရပါတော့တယ်။ အမေရိကန်စတိုင် ဒီမိုကရေစီနည်းလမ်းနဲ့ ဖြေရှင်းပေးဖို့ အခြေအနေမပေးလေတော့ တပ်ကိုတွန်းပို့လိုက်သလိုဖြစ်ခဲ့တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေအထိ အချင်းချင်း ထိပ်တိုက်ရင်ဆိုင်မှုတွေဟာ ပြင်းထန်လာခဲ့တယ်။ တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့ ခါးသီးမှု၊ မုန်းတီးမှုအထိရောက်လာခဲ့တော့ သယံဇာတ၊ လမ်းတံတားတွေ ဆုံးရှုံးတာ အဓိကမဟုတ်၊ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်း နေလိုတဲ့ ဆန္ဒ၊ အမျိုးသားအကျိုးစီးပွားရေးရှုတဲ့ ဝိသေသ၊ နိုင်ငံတကာအလယ်မှာ ထည်ထည်ဝါဝါနဲ့ နေနိုင်တဲ့လက္ခဏာတွေက အဓိကဖြစ်လာတာတွေ့ရပါတယ်။ ၂၀၀၀ ပြည့်နှစ်များမှာ အမျိုးသားရေး စရိုက်လက္ခဏာတွေ တည့်မတ်လာတာတွေ့ရပါတယ်။ ပညာရေးလက်လှမ်းမီအောင် လူရှိတဲ့နေရာမှာ ကျောင်းဆောက်၊ အရည်အချင်းမြင့်သထက်မြင့်အောင်၊ ပညာတတ်သထက် တတ်အောင်၊ ကျွမ်းကျင်မှုအရည်အသွေး မြင့်သထက်မြင့်အောင် တက္ကသိုလ်ကောလိပ်တွေ တည်ထောင်ခဲ့တာ အမျိုးသားရေး၊ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ဆောင်ကြဉ်းပေးခြင်းပဲဖြစ်တယ်။ စီးပွားရေးဖွံ့ဖြိုးလာအောင်၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေ ပေါ်ပေါက်နိုင်အောင်၊ တောင်ပေါ် မြေပြန့် ညီအစ်ကိုအချင်းချင်းတွေ့နိုင်သွားနိုင်လာနိုင်အောင် အင်အားထည့်လုပ်ခဲ့တာတွေကိုလည်း အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ အနှစ်နှစ် အလလက ကြံစည်စိတ်ကူးခဲ့တဲ့ အဝေးပြေးလမ်းမကြီးနဲ့ နေပြည်တော်ကို အကောင်အထည်ဖော်တာတွေ့ရမှာ ဖြစ်ပါတယ်။

အနှစ်ချုပ်ကို တင်ပြရရင် အမျိုးသားရေးဝိသေသတွေဖြစ်တဲ့ နိုင်ငံလွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ကြရလိမ့်မယ်။ နှစ်ပေါင်းထောင်သောင်းမက အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားညီအစ်ကိုတစ်တွေနဲ့ အတူလက်တွဲကာ ရှေ့ခရီးကို အမျိုးသားနေ့မှသည် အနာဂတ်ဆီသို့ ပျော်ပျော်ပါးပါးနဲ့ လျှောက်လှမ်းကြရလိမ့်မယ်။ ယနေ့အချိန်အခါမှာ နိုင်ငံရေးတည်ငြိမ်မှု ရင့်ကျက်လာအောင်၊ အကိုင်းအခက် အသီးအပွင့်တွေ ဝေဝေဆာဆာဖြစ်တဲ့ အရိပ်ရသစ်တောကြီးဖြစ်အောင် ရှေးရှုကြရလိမ့်မယ်၊ စုပေါင်းအားနဲ့ အေးအေးဆေးဆေး ဖြည်းဖြည်းနဲ့ မှန်မှန် တည်ထောင်ကြရပေဦးမည်။ "တောကောင်းသဖြင့် ကျားလုံ၊ ကျားရှိသဖြင့်တောလည်းလုံခြုံ" သကဲ့သို့ အချင်းချင်း အပြန်အလှန် အကျိုးပြုကြခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် ရပ်တည်နိုင်မှာဖြစ်ပါကြောင်း အမျိုးသားနေ့ကို ဂုဏ်ပြုရေးသားတင်ပြအပ်ပါတယ်။ ။

**ကျမ်းကိုး –**

- **Myanmar, Facts and Figures March, 2000, Ministry of Information, Myanmar**
- **ဦးသန့်၏ဘဝအတွေ့အကြုံများ၊ မောင်ရွှေခေတ်**
- **နှစ်ဆယ်ရာစု မြန်မာနိုင်ငံ၊ ရန်ကုန်တက္ကသိုလ်ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ဆောင်းပါး(၂) ပြန်ကြားရေးဝန်ကြီးဌာန၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ**
- **Asia Pacific: Its Role in the new World Order, (Myanmar Burma) by M S Dobbs –Higginson, New Light of Myanmar (1998)**

---

# အင်းတော်မြို့နယ်၌ မိုးစပါးတင်း ၁၀၀အထက်ထွက်ရှိရေး အထူးစံပြကွက် ရိတ်သိမ်း

**ကသာ နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မိုးစပါးတင်း ၁၀၀ အထက်ထွက်ရှိရေး အထူးစံပြကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၁၁ နာရီက အင်းတော်မြို့နယ် နန့်ခင့်ကျေးရွာအုပ်စု ကြာအင်းကျေးရွာရှိ တောင်သူ ဦးမောင်ပိုင်၏စိုက်ခင်း၌ ပြုလုပ်သည်။

စံပြကွက်ရိတ်သိမ်းရာသို့ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့် အဖွဲ့ဝင်များ၊ မြေစာရင်းဦးစီးမှူး ဦးညွန့်ဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းခိုင်နှင့် စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်သည်။

အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးတင်း ၁၀၀ အထက် ထွက်ရှိရေးအတွက် စံပြကွက်ဧက ၅၀ စိုက်ပျိုးရာတွင် ၄၉ ဧက ရိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ပြီး စုစုပေါင်း တစ်ဧက ပျမ်းမျှ ၁၃၅ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **နန်းထွန်းမေ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၄၉ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၂၉ ရာခိုင်နှုန်းရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
### (၂၂-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၉၉၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၄၉)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၂၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၉၅,၈၀၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၈,၄၇၁)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၈၆၈)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၁,၇၈၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၀၃၄)ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၂-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၅၀) ခု | (၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄) ခု | (၁၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၅) ခု | (၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂) ခု | - |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၇၁) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၆၉) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၈၉) ခု | (၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၄၉၀) ခု | (၄၈၂) ဦး |
| စုစုပေါင်း | (၂၃,၉၉၀) ခု | (၅၄၉) ဦး |

### လွန်ခဲ့သော (၂၁)ရက်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၃၁-၁၀-၂၀၂၁ ရက်နေ့မှ ၂၀-၁၁-၂၀၂၁ ရက်နေ့အထိ)

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၃၁-၁၀-၂၀၂၁ မှ ၆-၁၁-၂၀၂၁) (Epi Week-44) | ၁၅၈,၃၃၉ | ၆,၆၇၇ | ၄.၂၂ |
| (၇-၁၁-၂၀၂၁ မှ ၁၃-၁၁-၂၀၂၁) (Epi Week-45) | ၁၇၉,၁၁၇ | ၆,၅၅၀ | ၃.၆၆ |
| (၁၄-၁၁-၂၀၂၁ မှ ၂၀-၁၁-၂၀၂၁) (Epi Week-46) | ၁၆၃,၈၈၈ | ၄,၈၄၇ | ၂.၉၆ |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ်(၄၄)၊ အပတ်စဉ် (၄၅)နှင့် အပတ်စဉ်(၄၆)တို့ကို နှိုင်းယှဉ်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရသဖြင့် ရောဂါကူးစက်မှု ဆက်လက်လျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၅၉၂၈၁၀ | ၃၈၄၆၃၀၄၁ | ၇၉၃၆၅၁ |
| ၂။ | အိန္ဒိယ | ၃၄၅၁၈၉၀၁ | ၃၃၉၃၄၅၄၇ | ၄၆၅၉၁၁ |
| ၃။ | ဘရာဇီး | ၂၂၀၁၇၂၇၆ | ၂၁၂၂၂၀၃၂ | ၆၁၂၇၂၂ |
| ၄။ | ဗြိတိန် | ၉၈၄၅၄၉၂ | ၈၀၈၇၉၉၃ | ၁၄၃၉၂၇ |
| ၅။ | ရုရှား | ၉၃၆၆၈၃၉ | ၈၀၅၃၆၄၃ | ၂၆၅၃၃၆ |
| ၆။ | တူရကီ | ၈၅၇၁၅၅၄ | ၈၀၉၁၉၄၇ | ၇၅၀၄၂ |
| ၇။ | ပြင်သစ် | ၇၄၁၄၉၇၁ | ၇၀၅၀၂၈၂ | ၁၁၈၄၆၁ |
| ၈။ | အီရန် | ၆၀၈၂၈၆၅ | ၅၇၉၅၀၆၀ | ၁၂၉၀၅၃ |
| ၉။ | ဂျာမနီ | ၅၃၇၈၁၉၂ | ၄၆၄၉၃၀၀ | ၉၉၆၁၃ |
| ၁၀။ | အာဂျင်တီးနား | ၅၃၁၅၃၄၈ | ၅၁၈၁၃၆၆ | ၁၁၆၃၇၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၃၅၉၈ | ၄၁၀၁၈၈၉ | ၁၄၃၇၄၄ |
| ၂။ | ဖိလစ်ပိုင် | ၂၈၂၆၈၅၃ | ၂၇၅၉၇၆၇ | ၄၇၂၈၈ |
| ၃။ | မလေးရှား | ၂၅၈၆၆၀၁ | ၂၄၈၇၈၀၉ | ၃၀၀၀၂ |
| ၄။ | ထိုင်း | ၂၀၇၁၀၀၉ | ၁၉၆၄၈၀၅ | ၂၀၄၃၄ |
| ၅။ | ဗီယက်နမ် | ၁၁၀၄၈၃၅ | ၉၁၀၂၇၆ | ၂၃၉၅၁ |
| ၆။ | မြန်မာ | ၅၁၈၄၇၁ | ၄၉၁၇၈၁ | ၁၉၀၃၄ |
| ၇။ | စင်ကာပူ | ၂၅၂၁၈၈ | ၂၃၂၇၂၉ | ၆၆၂ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၉၉၀၄ | ၁၁၆၂၈၆ | ၂၉၀၅ |
| ၉။ | လာအို | ၆၃၁၅၉ | ၅၁၅၃၆ | ၁၃၃ |
| ၁၀။ | ဘရူနိုင်း | ၁၄၆၃၀ | ၁၄၁၀၇ | ၉၆ |

# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ၀၇ သန်းကျော်ရှိလာ

**တီဟီရန် နိုဝင်ဘာ ၂၂**
အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၄၀ ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၆၀၇၇၄၃၈ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၄ ဦးရှိပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စတင်ကာ လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၁၂၈၉၅၆ ဦးရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှဆင်းခွင့်ရရှိသူပေါင်း ၅၇၈၃၄၂၅ ဦးရှိလာကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူပေါင်း ၃၄၀၉ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၅၆၆၅၃၉၄၇ ဦးရှိကြောင်းနှင့် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၄၄၇၂၆၀၄၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

■

# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၁၇၇ ဦးရှိ




**အန်ကာရာ နိုဝင်ဘာ ၂၂**
တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၁၇၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူပေါင်း ၈၅၇၁၅၅၄ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၅ ဦး ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူပေါင်း ၇၅၀၄၂ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၄၂၉၀ ရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၆ ဒသမ ၀၃ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၀ ဒသမ ၀၃ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေပေါင်း ၁၁၉ ဒသမ ၃၂ သန်းကျော် အသုံးပြုပြီး ဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**




# ဗြိတိန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၀၄ ဦးရှိ

**လန်ဒန် နိုဝင်ဘာ ၂၂**
ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၀၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကူးစက်ခံရသူပေါင်း ၉၈၄၅၄၉၂ ဦးရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိတွင် သေဆုံးသူပေါင်း ၁၄၃၉၂၇ ဦးရှိလာကြောင်းနှင့် ဆေးရုံများတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ လူနာ ၈၀၇၉ ဦးရှိကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီး ဖြစ်ကြောင်းနှင့် ၈၈ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၂၆ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၅၇၉၉၃၆၂၄ ဦး |
| သေဆုံးသူ | ၅၁၇၀၉၄၈ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၃၂၈၇၇၅၆၂ ဦး |

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၈၈ ဦး ထပ်မံတွေ့ရှိ



**နယူးဒေလီ နိုဝင်ဘာ ၂၂**
အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၀၈၈ ဦး ထပ်မံတွေ့ရှိသဖြင့် ကူးစက်ခံရသူပေါင်း ၃၄၅၁၈၉၀၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှရရှိသော အချက်အလက်များအရ သိရသည်။

ထို့ပြင် ၂၄၉ ဦးမှာ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူပေါင်း ၄၆၅၉၁၁ ဦးရှိလာကြောင်း သိရသည်။

| ၂၈၇ | ၁၉-၉-၂၀၂၁ | ရန်ကုန် | အင်းစိန် | ဦးစိုးသိန်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၈ | ၂၂-၉-၂၀၂၁ | ရန်ကုန် | တိုက်ကြီး | ဦးသန်းဝင်းဇော် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၈၉ | ၂၅-၉-၂၀၂၁ | ရန်ကုန် | ဒဂုံ(တောင်) | ဦးမြထွန်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၀ | ၂၉-၉-၂၀၂၁ | ရန်ကုန် | သံလျင် | ဦးရဲတင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၁ | ၅-၁၀-၂၀၂၁ | ရန်ကုန် | ရွှေပြည်သာ | ဦးထွန်းလင်းကျော်(ခ) ကျော်ဆံသ | ဆယ်အိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၂ | ၆-၁၀-၂၀၂၁ | ရန်ကုန် | ဒဂုံ(တောင်) | ဦးစောသန်း | ရာအိမ်မှူး | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၂၉၃ | ၈-၁၀-၂၀၂၁ | ရန်ကုန် | ထန်းတပင် | ဦးဝင်းဗိုလ်(ခ) ဝင်းထွဋ် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၉၄ | ၁၃-၁၀-၂၀၂၁ | ရန်ကုန် | ရွှေပြည်သာ | ဦးထွန်းထွန်းမြင့် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၅ | ၁၅-၁၀-၂၀၂၁ | ရန်ကုန် | အင်းစိန် | ဦးမျိုးမြင့် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၆ | ၁၈-၁၀-၂၀၂၁ | ရန်ကုန် | တွံတေး | ဦးစိုးဝင်း | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၇ | ၁၈-၁၀-၂၀၂၁ | ရန်ကုန် | တွံတေး | ဦးမောင်တူ(ခ)လှတင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၂၉၈ | ၁၉-၁၀-၂၀၂၁ | ရန်ကုန် | ဒေါပုံ | ဦးကျော်စိန် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၂၉၉ | ၂၆-၁၀-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | ဦးဝေလင်းအောင် | ကျေးရွာရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၀၀ | ၂၆-၁၀-၂၀၂၁ | ရန်ကုန် | သဃ်္ဃန်းကျွန်း | ဦးမျိုးဝင်းညွန့် | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၁ | ၂၆-၁၀-၂၀၂၁ | ရန်ကုန် | လှိုင်သာယာ(နောက်) | ဦးဘိုနီ | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၂ | ၂၈-၁၀-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | ဦးဖိုးချို | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၀၃ | ၁-၁၁-၂၀၂၁ | ရန်ကုန် | ကြည့်မြင်တိုင် | ဒေါ်နှင်းနှင်းလှိုင် | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၀၄ | ၁-၁၁-၂၀၂၁ | ရန်ကုန် | သာကေတ | ဦးအောင်ကြီး(ခ) အောင်အောင်လွင် | ဆယ်အိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၅ | ၄-၁၁-၂၀၂၁ | ရန်ကုန် | တွံတေး | ဦးချစ်ဝင်း<br>ဦးစိန်ကြိုင် | ရစဖမှူး<br>ရာအိမ်မှူး | ဓားဒဏ်ရာရရှိ။ | |
| ၃၀၆ | ၇-၁၁-၂၀၂၁ | ရန်ကုန် | မရမ်းကုန်း | ဦးကျော်စိုးဝင်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၀၇ | ၁၀-၁၁-၂၀၂၁ | ရန်ကုန် | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ဦးသိန်းဇော်<br>ဦးသိန်းဇံ<br>ဦးသန်းမြင့် | ရစဖမှူး<br>ရာအိမ်မှူး<br>ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၈ | ၁၃-၁၁-၂၀၂၁ | ရန်ကုန် | ရွှေပြည်သာ | ဦးစိန်မြင့် | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၀၉ | ၁၃-၁၁-၂၀၂၁ | ရန်ကုန် | လှိုင်သာယာ (အရှေ့ပိုင်း) | ဦးသောင်းလှိုင်စိုး(ခ) ကိုထက် | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၀ | ၁၃-၁၁-၂၀၂၁ | ရန်ကုန် | လှိုင်သာယာ (အနောက်ပိုင်း) | ဦးတင်စိုး | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၁ | ၁၄-၁၁-၂၀၂၁ | ရန်ကုန် | ရွှေပြည်သာ | ဦးကျော်သောင်း | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၁၂ | ၁၅-၁၁-၂၀၂၁ | ရန်ကုန် | မင်္ဂလာဒုံ | ဒေါ်အောင်နန္ဒာဝင်း(ခ)<br>ဒေါ်အောင်နိုင်နိုင်ဝင်း(ခ)<br>ဒေါ်ပူစူး | ရာအိမ်မှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၃ | ၂၇-၄-၂၀၂၁ | ရှမ်း | ဖယ်ခုံ | ဦးထွန်းပေါ် | အုပ်ချုပ်ရေးမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၄ | ၁၉-၆-၂၀၂၁ | ရှမ်း | သိန္နီ | ဦးစိုင်းရွှေဘ | ရစဖမှူး | သေနတ်ထိမှန် ဒဏ်ရာရရှိ။ | |
| ၃၁၅ | ၂၅-၉-၂၀၂၁ | ရှမ်း | မဘိမ်း | ဦးမြင့်ဦး | ဆယ်အိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၁၆ | ၉-၅-၂၀၂၁ | ဧရာဝတီ | ကြံခင်း | ဦးမောင်မောင်ဦး | ရစဖမှူး | ရိုက်နှက်၍ ဒဏ်ရာရရှိ။ | |
| ၃၁၇ | ၁၄-၃-၂၀၂၁ | ဧရာဝတီ | မြန်အောင် | ဦးသက်စိုးအောင် | အုပ်ချုပ်ရေးမှူး | ရိုက်နှက်၍ ဒဏ်ရာရရှိ။ | |
| ၃၁၈ | ၂-၅-၂၀၂၁ | ဧရာဝတီ | ညောင်တုန်း | ဦးအောင်မြဦး | အုပ်ချုပ်ရေးမှူး | ဓားဒဏ်ရာရရှိ။ | |
| ၃၁၉ | ၂၉-၆-၂၀၂၁ | ဧရာဝတီ | ကျိုက်လတ် | ဦးကျော်ဆန်း<br>ဦးမျိုးညွန့်<br>ဦးဇော်မျိုးဦး<br>မမျိုးမျိုးအေး<br>မောင်မျိုးခိုင် | ရစဖမှူး<br>ရာအိမ်မှူး<br>ရာအိမ်မှူး<br>ကျန်းမာရေးဝန်ထမ်း<br>ဆိုင်ကယ် ကယ်ရီ | မိုင်းစထိမှန် ဒဏ်ရာရရှိ။ | |
| ၃၂၀ | ၂၃-၈-၂၀၂၁ | ဧရာဝတီ | လပွတ္တာ | ဦးမြင့်အေး<br>ဒေါ်မိုးမိုး<br>မောင်ချစ်ညီညီ | ရာအိမ်မှူး<br>(ဇနီး)<br>(သား) | ဓားဒဏ်ရာရရှိ။<br>ဓားဒဏ်ရာဖြင့် သေဆုံး။<br>ဓားဒဏ်ရာဖြင့် သေဆုံး။ | |
| ၃၂၁ | ၂၂-၁၀-၂၀၂၁ | ဧရာဝတီ | မအူပင် | မောင်ဦး(ခ) ခင်မောင်ဦး | ရာအိမ်မှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |
| ၃၂၂ | ၂၅-၁၀-၂၀၂၁ | ဧရာဝတီ | ပုသိမ် | ဦးကျော်ဌေး(ခ)ကျော်ကြီး | ရစဖမှူး | သေနတ်ဖြင့် ပစ်သတ်ခံရ။ | |

## ချင်းပြည်နယ် ပိုးစာပင် စိုက်ပျိုးရေးနှင့် ပိုးချည်ထုတ်လုပ်ရေး လုပ်ငန်းတွင် သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ချင်းပြည်နယ်အတွင်း ပိုးစာပင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပိုးချည်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပိုးစာပင်စိုက်ပျိုးသူတောင်သူဦးရေ များပြားလာပြီး စိုက်ပျိုးရေး ထုတ်ကုန်များ တိုးတက်လာစေရန်အတွက် ချင်းပြည်နယ်သမဝါယမဦးစီးဌာနအနေဖြင့် ပိုးစာ စိုက်ပျိုးခြင်းလုပ်ငန်းကို တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်နှစ်မြို့နယ်တို့တွင် သမဝါယမအသင်းများ ဖွဲ့စည်းရေး ဆောင်ရွက်လျက်ရှိရာ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထုတ်လုပ်သော အသင်းသားတောင်သူများနှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သော အသင်းသားတောင်သူများအနေဖြင့် ပိုးချည်များကို ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်များလည်း ရရှိလာမည်ဖြစ်သည်။

ပိုးစာပင်စိုက်ခင်းတစ်ဧကလျှင် ကုန်ကြမ်းထွက်ရှိမှုအနေဖြင့် ပြုပြင်ထိန်းသိမ်းမှုအပေါ် မူတည်ပြီး စိုက်ပျိုးပြီးသည်မှ နှစ်ပေါင်း ၂၀ ထိ ဆွတ်ခူးနိုင်ပြီး ပိုးစာကျွေးရန်အရွက်ကို စိုက်ပျိုးပြီး နှစ်နှစ်မှစတင်၍ ဆွတ်ခူးပါက အရည်အသွေးကောင်းမွန်သည်။ စတင်ဆွတ်ခူးသည့် နှစ်တွင် ပိုးစာရွက်ပေါင် ၈၀၀ ခန့် ထွက်ရှိပြီး နောင်နှစ်များတွင် တိုးမြှင့်ထွက်ရှိသဖြင့် တစ်ဧကပျမ်းမျှ ပေါင် ၄၀၀၀ ခန့်ထိ ထွက်ရှိနိုင်သည်။ ပိုးအိမ်တစ်ကတ်မွေးမြူရန် ပိုးစာရွက် ပေါင် ၁၀၀၀ အသုံးပြုကျွေးမွေးရပြီး ပိုးစာပင်တစ်ဧကသည် ပိုးဥ လေးကတ် မွေးမြူနိုင်ပြီး၊ ပိုး တစ်ကတ်လျှင် ပိုးအိမ်အစို ပေါင် ၅၀ မှ ၁၀၀ အထိ မွေးမြူနိုင်သဖြင့် ပိုးဥ လေးကတ်တွင် ပိုးအိမ်အစို ပျမ်းမျှ ပေါင် ၃၅၀ အထိ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းပြုလုပ် ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၂၂ ရက်က မဲပလီကျေးရွာအုပ်စု၊ အလိန်လည်ကျေးရွာအုပ်စုနှင့် တလိုင်မှီကျေးရွာအုပ်စုရှိ ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



### ဆောင်ရွက်ပေး

ထန်းတပင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးခင်ဆွေ၊ တိုက်နယ်မှူး ဒေါ်စန်းသူဇာနှင့် ဝန်ထမ်းများက မဲပလီကျေးရွာအုပ်စုအတွင်းရှိ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ခြောက်ဦးနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြား လျှောက်ထားသူ ၉၉ ဦး စုစုပေါင်း ကျေးရွာနေပြည်သူ ၁၀၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၅ ကတ် ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ အလိန်လည်ကျေးရွာအုပ်စုအတွင်းရှိ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ငါးဦးနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ၇၆ ဦးနှင့် တလိုင်မှီကျေးရွာအုပ်စုအတွင်းရှိ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ လေးဦးနှင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူ ၆၅ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## မအူပင်မြို့နယ် လှိုင်းတာရေထိန်းတံခါးအတွင်းနှင့် သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် နိုဝင်ဘာ ၂၂**

မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုဖမ်းယူ စားသုံးနိုင်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ရန်ရည်ရွယ်၍ သဘာဝရေပြင်၊ ဆည်၊ တမံများအတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို မအူပင်မြို့နယ် မလက်တို ကျေးရွာအုပ်စု လှိုင်းတာရေထိန်းတံခါးအနီးတွင် နိုဝင်ဘာ ၁၉ ရက်က ကျင်းပခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ဒေသခံပြည်သူများ၊ တလုပ်လှ ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ အောင်ဟိတ်ငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများက တလုပ်လှငါးလုပ်ငန်းစခန်းမှ လှိုင်းတာရေထိန်းတံခါးအတွင်း ငါးမြစ်ချင်းနှစ်လက်မကောင်ရေ တစ်သိန်းနှင့် လှိုင်းတာသဘာဝရေပြင်အတွင်း ငါးမြစ်ချင်း နှစ်လက်မ ကောင်ရေ သုံးသိန်း စုစုပေါင်း ကောင်ရေ လေးသိန်းနှင့် အောင်ဟိတ်ငါးလုပ်ငန်းစခန်းမှ သဘာဝရေပြင်အတွင်း ငါးမြစ်ချင်း နှစ်လက်မအရွယ် သုံးသိန်း စုစုပေါင်း ငါးကောင်ရေ ခုနစ်သိန်းအား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မိုးစွေနေခဲ့သည်မှာ ကြာချေပြီ။ တစ်နေ့လုံး ပူပြင်းခဲ့သမျှ အတိုးချကာ ရွာနေသလား ထင်မှတ်ရသည်။ မိုးရွာပြီဆိုသည်နှင့်တစ်ပြိုင်နက် ညောင်လှ၊ ပုဂံစုစသော ရပ်ကွက်များတွင် ရေလွှမ်းမိုးမည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။ နံ့သာချောင်းခေါ် ချောင်းနိမ့်တွင် တောင်ကျရေများ ဒလဟောကျလာသည်။

သည်ရက်များအတွင်းတွင် ခင်ခင်ကြီး စိတ်မရွှင်။ နေရသည်မှာ မပျော်ပိုက်။

ကိုကိုသည် နိုင်ငံခြားသို့ ထွက်သွားလေပြီ။ မနေ့ကပင် ကိုကို့ထံမှ စာရောက်လာသည်။ စီးနင်းလိုက်ပါသွားသည့် "ဧရာဝတီ"သင်္ဘောအကြောင်း၊ ဘုံဘေမြို့အကြောင်း၊ စူးအက်တူးမြောင်းအကြောင်းစသည်ဖြင့် စာတွင် ပြည့်ပြည့်စုံစုံပါသည်။ ကိုကိုသည် သူတစ်ဦးတစ်ယောက်တည်း၏ လွတ်မြောက်မှုကို ရှာဖွေသွားနိုင်လေပြီဟု ခင်ခင်ကြီး ထင်သည်။

မောင်မောင်ဦး ရန်ကုန်သို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ သူ မြို့သို့ပြန်လာမည့်နေ့၊ သူလာခေါ်မည့်ရက်ပင် ခင်ခင်ကြီး စောင့်မျှော်နေရသည်။

ခင်ခင်ကြီးတို့ကျောင်းသည်လည်း ဖွင့်ရက်နီးကပ်လာချေပြီ။ ခင်ခင်ကြီးသည် မျှော်လင့်ထင်မှတ်ထားသည့်အတိုင်း စာမေးပွဲကျရှုံးသည်။ ထို့အတွက် ဖေဖေကရော မေမေကပါ ဆူလိုက်ပွက်လိုက်သည်မှာ ခေါင်းဖော်နိုင်စရာပင် မရှိ။ သို့ပေမဲ့ သည်အဆူအပူကို ခင်ခင်ကြီး ခံနိုင်သည်။ သည်မျှလောက်ကိုတော့ နည်းနည်းမှမမှု။ စင်စစ် သူ့တွင် စာမေးပွဲကျရှုံးရခြင်းထက် ပိုမိုဆိုးရွားသောအဖြစ် ရှိနေသည်။ ယင်းအဖြစ်ကို မသိသေး၍သာ စာမေးပွဲကျရှုံးခြင်းမှာ ဖေဖေနှင့်မေမေအတွက် ထူးဆန်းခြင်းဖြစ်နေပေလိမ့်မည် ထင်ပါသည်။

ရန်ကုန်သို့ မောင်မောင်ဦး ထွက်ခွာသွားပြီဆိုကတည်းက သူ့ထံမှစာကို ခင်ခင်ကြီးမျှော်လင့်နေသည်။ စောင့်စားနေသည်။ သို့ပေမဲ့ ယခုတိုင်အောင် သူ့ထံမှ စာကိုမရသေး၊ သူ့ထံမှ စာကို မရသဖြင့် ခင်ခင်ကြီးအနေဖြင့် စာပြန်ရေးဖို့လည်း ခက်နေသည်။ ဘာလိုလိုနှင့် သူ ထွက်သွားခဲ့သည်မှာ နှစ်ပတ်ပင် ကျော်ပါပကော။

သည်အတွင်း မေမေသည် ခင်ခင်ကြီးအပေါ် သင်္ကာရနံ့မကင်းသလို ကြည့်လာတတ်သည်။ တလောကဆိုလျှင် ထုတ်ဖော်၍ပင် မေးလာသည်။

"သမီး နေကောင်းရဲ့လားဟင်"

မေမေ၏အမေးကို ခင်ခင်ကြီး ပျာပျာသလဲ ဖြေရသည်။

"နေကောင်းပါတယ် မေမေ။ ဘာဖြစ်လို့လဲဟင်"

"သမီးကြည့်ရတာ သိပ်ပြီးဖျော့နေလို့ပါ။ အားသိပ်နည်းနေသလားလို့ပါ။ ဆရာဝန်လေး ဘာလေး ပြကြည့်ရရင် ကောင်းမလားလို့ပါ"

"ခင်ကြီး ဘာမှမဖြစ်ပါဘူး မေမေ။ နေကောင်းပါတယ်။ ပြစရာမလိုပါဘူး"

သည်စဉ်က တစ်ကြိမ်။

မေမေသည် ကိုကိုနှင့်ပတ်သက်၍ စိတ်အေးလက်အေးရှိခဲ့ရပြီဖြစ်၍ ခင်ခင်ကြီးအပေါ် စိတ်အာရုံစိုက်လာမိဟန်တူသည်။ ဂရုတစိုက်ရှိလာမိဟန်တူသည်။ မေမေက မိမိအပေါ် စိတ်အာရုံစိုက်လာခြင်းအတွက် ခင်ခင်ကြီး ကြည်နူးမိခြင်းမရှိ။ တုန်လှုပ်ချောက်ချားခြင်းကိုပင် ခံစားရသေးသည်။

တစ်နေ့ကလည်း မေမေသည် တစ်ကြိမ်မေးလာခဲ့သေးသည်။

"သမီး ရာသီရက်တွေ ဘာတွေကော မှန်ရဲ့လားဟင်"

"မှန်ပါတယ် မေမေ။ ဘာဖြစ်လို့ မေးမေးနေရတာလဲ"

"သမီးကိုကြည့်ရတာ သိပ်သန့်နေလို့ပါ"

သို့ဖြင့် ခင်ခင်ကြီးမှာ တစ်စထက်တစ်စ အနေရကျဉ်းကျပ်လာသည်။ မေမေနှင့် မျက်နှာချင်းဆိုင်ရန် ဝန်လေးသည်။ တတ်နိုင်သမျှ ရှောင်သည်။

ယင်းအချိန်၌ ရေနံ့သာအိမ်ကြီး၏အပတွင် ခင်ခင်ကြီးနှင့်စပ်လျဉ်း၍ သတင်းဖြစ်ပွားနေသည်ကို ခင်ခင်ကြီးတို့ မသိ။ မကြား။ အကယ်၍ သိလာကြားလာရပါလျှင်လည်း သည်မျှငြိမ်ငြိမ်သက်သက်နေ၍ ရမည်မထင်။

ခင်ခင်ကြီး၏သတင်းသည် ကျောင်းသူမိန်းကလေးများအကြားတွင် ပျံ့နှံ့သည်။ စင်စစ် ယင်းသတင်းကို ဖြန့်ချိခဲ့သူမှာ ခင်ခင်ကြီး၏ သူငယ်ချင်းသာပင်။ သစ္စာဆိုခဲ့ရသည် ဆိုစေ ညောင်ရေအိုး ရေသောက်ခဲ့ရသည်ဆိုစေ၊ နောင်ဘဝမှ သစ္စာစူးလျှင် စူးစေတော့။ မပြောဘဲမနေနိုင်။ အစသော် နှုတ်လုံမည်ထင်သော သူငယ်ချင်းများကို ပြောမိသည်။

"ခင်ခင်ကြီးရယ်အေ။ အခု ကိုယ်ဝန်ရှိနေပြီတဲ့။ ငါဖြင့် ပြောပဲမပြောချင်ပါဘူး" စသည်ဖြင့် စကားဆိုသည်။

"ညည်း ဘယ်လိုလုပ်သိသလဲဟင်" မယုံသင်္ကာဖြင့် မေးလာကြသူများအား လက်သည်မိန်းမကြီးထံ အစမ်းသပ်ခံပုံများ၊ လက်သည်မိန်းမကြီးက ပြောခဲ့သောစကားများကို ပြန်လှန်ပြောပြသည်။

ခင်ခင်ကြီး၏သတင်းသည် တစ်ယောက်မှသည် အခြားသူတစ်ယောက်သို့ အဆင့်ဆင့်ကူးပြောင်းသွားသည်။ နောက်တော့လည်း သူတို့ချင်း စုမိလျှင် ယင်းသတင်းများကိုပင် စကားအဖြစ် ဆိုကြသည်။

သည်တွင် ကျော့မောင်က တစ်မှောင့်။ နီးစပ်ရာသူငယ်ချင်းများနှင့်တွေ့လျှင် မောင်မောင်ဦးနှင့် ခင်ခင်ကြီးတို့အကြောင်းကို ပြောရသည်မှာအမော။ စင်စစ်တွင် ကျော့မောင်သည် မည်သူ့ကိုမျှ သစ္စာမခံ။ ညောင်ရေအိုးရေ သောက်ခဲ့သည်လည်းမဟုတ်။ သို့ဖြစ်၍ ပြောမည်ဆိုလျှင်လည်း ပြောပိုင်ခွင့်ရှိသည်ပင်။ အမှန်တော့ သူသည် သူငယ်ချင်းဖြစ်သူနှင့်ပတ်သက်၍ ကြွားလုံးထုတ်ခြင်းမျှသာ ဖြစ်သည်။

ပင်းဘုရားပွဲတော်ပြီးကတည်းက သူတို့လို လူငယ်အသိုင်းအဝိုင်း၌ ခင်ခင်ကြီး ရေပန်းစားလာသည်။ ခင်ခင်ကြီး၏အလှကို စကားအဖြစ် ဝိုင်းဖွဲ့ပြောဆိုကြသည်။ ခင်ခင်ကြီးအပေါ် စိတ်ဝင်တစားရှိသူလည်း ဒုနှင့်ဒေးပင်။ သို့ပေမဲ့ ချဉ်းကပ်ဖို့ဆိုသည်ဝေး၍ ခင်ခင်ကြီး၏မျက်နှာကို တစ်လနေ၍မျှ တစ်ခါမမြင်ရတတ်။ ကျောင်းသွားကျောင်းပြန် စောင့်ကြည့်ကြသည်။ သို့ပေမဲ့ ခင်ခင်ကြီးသည် မြေမနင်းမင်းသမီးဖြစ်သည်။ ကျောင်းသို့ အသွားအပြန် ကားပေါ်မှ မဆင်းရ။ သူတို့သည် စိတ်မချင့်မရဲရှိရသည်မှအပ ဘာမျှ မကြံသာကြပေ။

သူတို့မြို့တွင် အခြားသော ခင်ခင်ကြီးများ ရှိသေးသည်။ မိမိကြီး၊ မမကြီးစသော ကြီးပါသည့်နာမည်တွေ ရှိသေးသည်။ သို့ဖြစ်၍လည်း ခင်ခင်ကြီးကို အခြားခင်ခင်ကြီးများနှင့် ကွဲပြားစိမ့်ငှာ ရှေ့မှ "ရေနံ့သာအိမ်က ခင်ခင်ကြီး" ဟု ခွဲခြား၍ ပြောရသည်။ ထို့ကြောင့် ခင်ခင်ကြီးအကြောင်း စကားစပ်မိပြီဆိုကြလျှင် သူတို့သည် "ရေနံ့သာအိမ်က ခင်ခင်ကြီးလေကွာ" စသည်ဖြင့် ဆိုလေ့ရှိကြသည်။ ထို့နောက် မကြာမီမှာပင် "ရေနံ့သာအိမ်က" ဆိုသည့်စကားမှာ ထောင့်သည်။ ပြော၍မလွယ်ဟု ထင်မှတ်ကြဟန်ဖြင့် "ရေနံ့သာခင်ခင်ကြီး" ဟု သည်စဉ်ကတည်းက အမည်သတင်း စတင်ပျံ့နှံ့ခဲ့လေသည်။

**သူတို့မြို့တွင် အခြားသော ခင်ခင်ကြီးများ ရှိသေးသည်။ မိမိကြီး၊ မမကြီးစသော ကြီးပါသည့်နာမည်တွေ ရှိသေးသည်။ သို့ဖြစ်၍လည်း ခင်ခင်ကြီးကို အခြားခင်ခင်ကြီးများနှင့် ကွဲပြားစိမ့်ငှာ ရှေ့မှ "ရေနံ့သာအိမ်က ခင်ခင်ကြီး" ဟု ခွဲခြား၍ ပြောရသည်။ ထို့ကြောင့် ခင်ခင်ကြီးအကြောင်း စကားစပ်မိပြီဆိုကြလျှင် သူတို့သည် "ရေနံ့သာအိမ်က ခင်ခင်ကြီးလေကွာ" စသည်ဖြင့် ဆိုလေ့ရှိကြသည်။ ထို့နောက် မကြာမီမှာပင် "ရေနံ့သာအိမ်က" ဆိုသည့်စကားမှာ ထောင့်သည်။ ပြော၍မလွယ်ဟု ထင်မှတ်ကြဟန်ဖြင့် "ရေနံ့သာခင်ခင်ကြီး" ဟု သည်စဉ်ကတည်းက အမည်သတင်း...**

တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသူများကမစွံ။ စွံမယ့်စွံတော့လည်း မြို့သို့တစ်ခါတလေမှပြန်သူ မောင်မောင်ဦးက စွံသည်။ ထိုအတွက် ကျော့မောင်တို့ အံ့အားသင့်ကြသည်။ သည်အကြောင်းကို စကားစပ်မိတိုင်း ပြောဖြစ်ကြသည်။ ထို့ကြောင့်ပင် လူငယ်လူရွယ်တို့အကြား၌ ခင်ခင်ကြီးနှင့် မောင်မောင်ဦးတို့အကြောင်းမှာ မကြားချင်အဆုံး။

အများအားဖြင့် မောင်မောင်ဦးကို အားကျသည်။ ချီးမွမ်းကြသည်။ အချို့ကဆိုလျှင် နောက်ကွယ်၌ မောင်မောင်ဦးအား " ရေနံ့သာ၏ အိမ်ရှေ့စံအလောင်းအလျာ" ဟုပင် တင်စားခေါ်ဆိုနေကြလေသည်။

အချို့က မောင်မောင်ဦးနှင့် ခင်ခင်ကြီးတို့၏ အချစ်ရေးမှာ အဆင်ပြေလိမ့်မည်ဟု ထင်သည်။ ယင်းလူစုမှာ ဦးအောင်ခန့်နှင့် ဦးကောင်းမိုးတို့၏ အတွင်းရေးကို မသိကြသူများဖြစ်သည်။ အတွင်းရေးကို သိကြသူများကတော့ သူတို့အတွက် ကြိုတင်ရင်လေးနေကြသည်။ ဒီတစ်ခါ " ပွဲကြီးပွဲကောင်းပဲဟေ့ " ဆိုကာ ပွဲတောင်းကြသူများလည်း ရှိသည်။

ခင်ခင်ကြီးအနေနှင့် သူ၏အဖြစ်အပျက်များကို ကာယကံရှင်ကိုယ်တိုင်နှင့် အခြားတစ်ယောက် နှစ်ယောက်မှလွဲ၍ မသိဟု ထင်မှတ်နေမိဆဲသာဖြစ်သည်။ ယုံကြည်နေမိဆဲသာ ဖြစ်သည်။ သူမ၏ အဖြစ်အပျက်မှာ တစ်မြို့လုံးရှိလူအသီးသီး၏နားသို့ မုတ်သုံမိုးနှင့်အတူ ပျံ့နှံ့ရောက်ရှိနေသည်ဆိုခြင်းကို စိုးစဉ်းမျှ ရိပ်စားမိခြင်းမရှိ။ မိမိကိုယ်ကို လုံလုံပြီဟုပင် ထင်နေသည်။

ကိုကိုနှင့် မလှဝေတို့ကိစ္စသည်လည်း ပြီးပြတ်ခြင်း ရှိခဲ့ပေပြီ။ ကိုကို့ဆန္ဒအရ ထပ်မံစေ့စပ်ကြောင်းလမ်းသည်။ မလှဝေတို့ဘက်က ကျေနပ်သည်ဟု ဆိုသည်။ မကျေနပ်ဘဲ ရှိနိုင်ရိုးလေလား။ ယခင်ကဆိုလျှင် သာမန်သူဌေးသား။ ယခုတော့ ဘိလပ်ပြန်ကိုပင် ရချေဦးတော့မည်။ သည်တော့လည်း မှားခဲ့သည်ကိုပင် အမှားကောင်းဟု ဆိုရတော့မလို ဖြစ်နေသည်။ စောစောပိုင်းက ကြောင်းလမ်းခြင်းကိစ္စ ပျက်မလိုလိုဖြစ်ခဲ့သည်ကိုပင် ကျေးဇူးတင်ရသေးတော့သည်။

ခင်ခင်ကြီးသည် ကိုကိုနှင့်စပ်လျဉ်းကာ မဝင်းရီကို သနားသည်။ ကရုဏာသက်သည်။ ယခုလောက်ဆိုလျှင် မဝင်းရီတစ်ယောက် မည်သို့ခံစားနေမည် မသိတတ်။ မတွေ့ခဲ့ကြသည်မှာလည်း ကြာပြီ။ ကျောင်းပိတ်ကတည်းက ဖြစ်သည်။

ကိုကို မြို့သို့ ပြန်လာသည်ဆိုခြင်းကို မဝင်းရီတို့ သိရန်လွယ်မည်မထင်။ ကိုကိုသည် မြို့သို့ပြန်လာစဉ်က အိမ်အတွင်းမှ အပြင်မထွက်။ ဘိလပ်သွားရန် ရန်ကုန်ဆင်း၍ စီစဉ်ပြီးနောက် မြို့သို့တစ်ခေါက်ပြန်လာသည်။ မလှဝေနှင့် စေ့စပ်သည်။ များမကြာမီမှာပင် မြို့မှပြန်သွားသည်။ စေ့စပ်ကြောင်းလမ်းစဉ်က မြို့မိမြို့ဖအချို့တို့သာ ကိုကို မြို့သို့ပြန်လာကြောင်း သိကြသည်။ ရင်းနှီးသောသူအချို့ပင် ကိုကို မြို့က ထွက်သွားလေမှ သားအဖချင်း ပြန်လည်အဆင်ပြေသွားကြောင်း သိခဲ့ရလေသည်။

သည်ကနေ့ညတွင်လည်း အိမ်မှာ အခါတိုင်းကလို တိတ်ဆိတ်ငြိမ်သက်နေမြဲပင်။ အိမ်တွင် ဖေဖေ၊ မေမေနှင့် ဘွားဘွားတို့မရှိကြ။ ဆွေမျိုးနီးစပ်တော်သော တွင်းစားရိုးတစ်ဦး၏အိမ်သို့ သွားနေကြသည်။ ထိုအိမ်မှာ ဘုရားကိုးဆူဆွမ်းကပ်ရှိသည်။

ခင်ခင်ကြီးသည် ပြတင်းပေါက်ကို မျက်နှာပြု၍ ထိုင်နေသည်။ တံစက်မြိတ်မှ လျှောကျနေသော မိုးရေစက်များကို ငေးကြည့်နေသည်။ သည်အချိန်တွင် မောင်မောင်ဦးထံမှစာကို ဖတ်နေရပါက အဘယ်မျှ အဆင်ပြေလေမည်နည်း တွေးသည်။ မိမိအနေနှင့်လည်း သူ့အတွက် စာတစ်စောင် ရေးနေပါက အဘယ်မျှကြည်နူးဖွယ်ကောင်းမည်ကို စဉ်းစားနေမိသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**

# ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း

**နန္ဒာသိန်းဇံ**

**အခန်း (၂)**

**တွေဝေခြင်းကို ကျော်နိုင်းခြင်း**

မှန်မှန်ကန်ကန် ရှုမြင်တတ်တဲ့ အမြင်အသိ မရှိရင်၊ အမြော်အမြင်မရှိရင် ဘာလုပ်ရမှန်းမသိဘဲ စိတ်ဓာတ်တွေ ပျက်ပြားကျဆင်းသွားတတ်တာပဲ။ အခက်အခဲတွေ ပြဿနာတွေ ပေါများလှတဲ့ လူ့လောကကြီးမှာ စိတ်ခိုင်ခံ့မှုမရှိရင်၊ ကြံ့ခိုင်မှုမရှိရင် နေရာတကာမှာ စိတ်ဓာတ်ကျစရာချည်းပဲ။

တချို့က မျက်မှောက်ခေတ်ကို "စိတ်ဓာတ်ကျနေတဲ့ခေတ်" "The Age of Depression" လို့တောင်ခေါ်နေကြတယ်။ တွေးခေါ်ပညာရှင်တွေဟာ လူကို အဓိပ္ပာယ်အမျိုးမျိုး သတ်မှတ်ခဲ့ကြတယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်တစ်ဦးက "မျက်မှောက်ခေတ်မှာတော့ လူကို စိုးရိမ်သောကရောက်နေသော သတ္တဝါဖြစ်တယ်"လို့ သတ်မှတ်သင့်ကြောင်းပြောဖူးတယ်။

လူ့လောကမှာ စိတ်ပျက်စရာ၊ စိတ်မချမ်းမြေ့စရာတွေ များလေတော့ စိတ်ဓာတ်ကျတဲ့ရောဂါတွေ မျက်မှောက်ခေတ်မှာ အဖြစ်များတာပဲ။ ဘယ်လောက်တောင်အဖြစ်များသလဲဆိုရင်.... အင်္ဂလန်နိုင်ငံတစ်ခုတွင်မှာပဲ တစ်နှစ်ကို လူ(၄၀၀၀၀)လောက် စိတ်ဓာတ်ကျရောဂါနဲ့ ဆေးရုံတက်ကြရတယ်လို့ သိရတယ်။ ပြီးတော့ အဲဒီအင်္ဂလန်နိုင်ငံတစ်ခုတွင်မှာပဲ နှစ်စဉ် လူ (၅၀၀၀) လောက် ကိုယ့်ကိုယ်ကိုယ် သတ်သေကြတယ်။ အဲဒီအထဲမှာ စိတ်ဓာတ်ကျရောဂါကြောင့် သတ်သေသူတွေ အများဆုံးပဲလို့ စာရင်းအရ သိရတယ်။

စိတ်ဓာတ်ကျဆင်းပြီး သောကတွေ၊ ဗျာပါဒတွေများလာရင် ခန္ဓာကိုယ်မှာ ရောဂါအမျိုးမျိုးတွေ ဖြစ်လာနိုင်တာပဲ။ စိတ်ဓာတ်ကျဆင်းလို့ ဖြစ်ပေါ်လာတဲ့ ရောဂါတွေနဲ့ပတ်သက်ပြီး သုတေသနပြုကြတဲ့ဆရာဝန်တွေ အဆိုအရ လူနာ ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိဟာ စိတ်ဓာတ်ကျမှုကြောင့် ခန္ဓာကိုယ်မှာ ရောဂါတွေရလာတာပဲလို့ ပြောကြတယ်။

အမေရိကန်မှာလည်း တစ်နှစ်ကို လူပေါင်းလေးသန်းကနေ ရှစ်သန်းအထိ စိတ်ဓာတ်ကျရောဂါ အခြေအနေကြောင့် အကုသခံရတယ်။ အဲဒီလူနာတွေထဲက နှစ်သိန်းခွဲဟာ ဆေးရုံတက်ပြီး အကုသခံနေရတယ်လို့ Time မဂ္ဂဇင်း ဆေးပညာကဏ္ဍမှာ ဖော်ပြထားတာ ဖတ်ဖူးတယ်။ **[မိုနာကိုမြို့မှာ ကျင်းပတဲ့ စိတ်ဓာတ်ကျရောဂါနဲ့ဆိုင်တဲ့ ညီလာခံမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် စိတ်ရောဂါဌာနခွဲရဲ့ အကြီးအကဲ နော်မန်ဆာတိုးရီးယပ်စ်က "ကမ္ဘာပေါ်မှာ လူသန်းပေါင်း ၁၀၀ ဟာ စိတ်ဓာတ်ကျတဲ့ရောဂါကို ပြင်းပြင်းထန်ထန် ခံစားနေကြရတယ်။ အနောက်ဥရောပ လူဦးရေရဲ့ ငါးရာခိုင်နှုန်းဟာ အဲဒီစိတ်ဓာတ်ကျရောဂါ စွဲကပ်နေကြတယ်၊ အနောက်ဥရောပမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေသူ ၁၀၀၀၀၀ ခန့်ရှိတယ်၊ အဲဒီသတ်သေတဲ့သုံးပုံနှစ်ပုံဟာ စိတ်ဓာတ်ကျရောဂါကြောင့် သတ်သေကြခြင်းဖြစ်တယ်" လို့ သုတေသနပြုပြီး ဖော်ပြထားတယ်။ (Working People's Daily, Wednesday 10, December.1980) ]**

ဒီတော့ စိတ်ပျက်စရာတွေ၊ အခက်အခဲတွေ စတဲ့ဒုက္ခနဲ့ ကြုံတဲ့အခါ အရှုံးမပေးဘဲ အဖြစ်နိုင်ဆုံး အားမာန်ကို တင်းထားရမှာပဲ။ ပစ်တိုင်းထောင်ရုပ်ကလေးတွေကို မြင်ဖူးကြမှာပဲ။ ငယ်ငယ်က ဒီပစ်တိုင်းထောင် ရုပ်မျိုးလေးတွေနဲ့ ကစားဖူးကောင်း ကစားဖူးကြမှာပဲ။ ပစ်တိုင်းထောင်ကို ဘယ်လိုပဲပစ်ပစ်၊ ဘယ်နေရာကိုပဲ ပစ်လိုက်ပစ်လိုက် ကျရာနေရာမှာ မတ်လျက်၊ ထောင်လျက်ပဲ။

ဒီပစ်တိုင်းထောင်လိုပေါ့၊ ဘယ်လိုအခြေအနေကိုပဲ ရောက်ရောက်၊ "ဦးထောင်ထောင်လည်မော့မော့နဲ့နေမယ်၊ အားမာန်တွေကိုမလျှော့ဘူး" လို့အားတင်းရမှာပဲ။ လူတော်လူကောင်းတွေဟာသေရမယ့် ဒုက္ခကြီးမျိုးတွေကိုတောင် ခိုင်ခံ့တဲ့ စိတ်နဲ့ ရင်ဆိုင်ခဲ့ကြတာ သမိုင်းမှာ အများကြီးပဲ။ ငါကြုံတွေ့နေရတာတွေက ဘာဟုတ်သေးလဲလို့ စိတ်ကိုဖြေသင့်တာပဲ။

မဟာဇနကမင်းသားအကြောင်းကို ကြားဖူးမှာပဲ။ တစ်ခါတစ်ခါ ဒုက္ခတွေနဲ့ ကြုံရတဲ့အခါ မဟာဇနကမင်းသားကို မြင်ယောင်ပြီး အားတင်းမိပါတယ်။ ဒီမှာ သိကြတဲ့အတိုင်း ပင်လယ်တွင်းမှာ သင်္ဘောပျက်တော့ တခြားလူတွေဟာ ထိတ်ထိတ်ပျာပျာတွေဖြစ်ကုန်ကြတယ်။ တချို့ကလည်း သူတို့ယုံကြည်ရာနတ်တွေကို ရော်ရမ်းတမ်းတကြတယ်။ တချို့ကလည်း ဘာလုပ်ရမှန်း မသိတော့ဘဲ ကိုးကွယ်ရာမရ အော်ဟစ်ငိုကြွေးပြီး ရှုန်းရင်းဆန်ခတ်ဖြစ်နေကြတယ်။ ဒါပေမဲ့ မဟာဇနကကတော့ စိတ်ဓာတ်ခိုင်မာသူဆိုတော့ ပျာယာခတ်မနေဘူး။ တခြားသူတွေကို ဘယ်လိုမှ ကယ်လို့မဖြစ်နိုင်တဲ့ အဆုံးမှာ မဟာဇနကမင်းသားဟာ အစာကို ကောင်းကောင်းစားတယ်။ ထောပတ်တွေကိုလည်း တဝစားတယ်။ သူ့ကိုယ်မှာလဲ ရနိုင်သလောက် ဆီတွေ၊ ထောပတ်တွေကို သုတ်လိမ်းတယ်။ ပြီးတော့ ........ ရွက်တိုင်ထိပ်ကိုရောက်အောင် တက်တယ်၊ စိတ်ဓာတ်ခိုင်မာသူဆိုတော့ အခြေအနေကို တည်ငြိမ်စွာသုံးသပ်နိုင်ပြီး ဘာကို လုပ်ရမယ်ဆိုတာကိုလဲ ဆုံးဖြတ်နိုင်တယ်။ သူရွက်တိုင်ဖျားရောက်အောင် တက်ရတာကလဲ အကြောင်းရှိတယ်။ သင်္ဘောကြီးဝမ်းပေါက်ပြီး လူတွေရေနစ်တော့..... ငါးလိပ် ငါးမန်းတွေကဝင်စားကြတယ်။ သင်္ဘောရဲ့ဝန်းကျင်မှာ အာသာငမ်းငမ်းဖြစ်နေကြတဲ့ ငါးလိပ် ငါးမန်းတွေဟာ ရေနစ်သူတွေကိုစားဖို့ တိုးကြိတ်နေကြတယ်။ ဒီတော့ ငါးလိပ် ငါးမန်းတွေ အများဆုံးစုဝေးနေတဲ့နေရာကို သူရောက်သွားရင် ဘယ်လောက်ရေကူးတော်ပေမယ့် အကိုက်ခဲခံရပြီးသေမှာပဲ။ ဒါကို ဆင်ခြင်နိုင်တဲ့အတွက် မဟာဇနကမင်းသားဟာ ရွက်တိုင်ထိပ်ဖျားရောက်အောင်တက်.......... ငါးလိပ် ငါးမန်းတွေ စုဝေးပြီး စားသောက်ကိုက်ခဲနေတဲ့ နေရာနဲ့ ဝေးနိုင်သမျှဝေးအောင် တအားကုန်ခုန်လွှားချလိုက်တယ်။ အဲဒီနောက် (မဆုတ်မနစ်တဲ့ ဝီရိယနဲ့ အပြောကျယ်တဲ့ ပင်လယ်ကြီးကို ကူးတော့တာပဲ။ ကမ္ဘာမှာဖြင့်အကြီးကျယ်ဆုံးသော ရေကူးသမားကြီးအဖြစ် ကူးခတ်နေတဲ့ မဟာဇနကမင်းသားကို မြင်ယောင်ကြည့်နိုင်ပါတယ်။ ဘာကြောင့် အကြီးကျယ်ဆုံးလို့ ဆိုနိုင်သလဲဆိုတော့ ရွက်တိုင်ဖျားမှ ခုန်ချပြီးတဲ့နောက် ပင်လယ်ပြင်မှာ ခုနစ်ရက်လုံးလုံး ကူးခတ်နေသူဖြစ်လို့ပဲ။ သူ့စိတ်ဓာတ်ခိုင်ကျည်မှုနဲ့ ဖွဲလုံ့လကြောင့် မဏိမေခလာရဲ့ အကူအညီရပြီး အသက်ချမ်းသာရာရခဲ့တယ်။

မဟာဇနကမင်းသားဟာ အခြားလူတွေလို စိတ်ဓာတ်တွေ ချောက်ချားပျက်ပြားသွားရင် အခြေအနေတွေကို ရုတ်ခြည်း သုံးသပ်နိုင်စွမ်းရှိမှာ မဟုတ်ဘူး။ ဘာကိုလုပ်သင့်တယ်၊ ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ အသိအမြင်ကိုလဲ ရနိုင်မှာမဟုတ်ဘူး။ ဒီလို အသိအမြင်မရှိရင် ဘာကိုလုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချနိုင်မှာမဟုတ်ဘူး။ စိတ်ဓာတ်ပျက်ပြားကျဆင်းသွားရင် ခုနစ်ရက်လုံးလုံး ကူးနိုင်တဲ့ ဖွဲသတ္တိနဲ့ ဝီရိယလဲရှိမှာမဟုတ်ဘူး။ စိတ်ဓာတ်ကျဆင်းသွားရင် သေဘေးက လွတ်မြောက်လိုတဲ့ ဆန္ဒနဲ့ မျှော်လင့်ချက်လဲ ကုန်သွားနိုင်တာပဲ။ စိတ်ဓာတ်တွေ မလှုပ်မရှား မယိမ်းမယိုင်အောင် ထိန်းထားရမှာပဲ။

*(ဆက်လက်ဖော်ပြပါမည်)*

**စာရေးဆရာ နန္ဒာသိန်းဇံ၏ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်းစာအုပ်မှ စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# အခရာသော့ချက်ကို ရှာပါ

**အောင်မြတ်စည်သူ**

တခြားလောကလူသားတိုင်း ဘဝပြဿနာ ဖြေရှင်းနည်းလမ်းညွှန်စာအုပ်များကို ကိုယ်စီရရှိထားကြသည်ဟု တစ်ချိန်တစ်ခါက ကျွန်တော် အတွေးပေါက်ခဲ့ဖူးသည်။ ကျွန်တော်ကမူ ထိုလက်စွဲစာအုပ်များ ဝေငှချိန်က အကြောင်းကြောင်းကြောင့် ပျက်ကွက်နေခဲ့သည်။ ကျွန်တော်သည် "အင်း...ကျွန်တော်မွေးတဲ့နေ့မှာ ဘုရားသခင် နေထိုင်မကောင်းဖြစ်နေခဲ့တယ်" ဟု ရေးသားခဲ့သော စပိန်ကဗျာဆရာ ဆီဇာဝေါလီဂျိုကဲ့သို့ နည်းနည်းခံစားမိခဲ့သည်။

ကျွန်တော်သည် အသက်သုံးဆယ်ကျော်အရွယ်တွင် လောကကြီးကို သံသယဖြင့်ရှုရင်း ဘဝလမ်းပျောက်နေခဲ့သော ကျွန်တော်၏ လောကကို စိတ်ကုန်နေသည့် ခံစားချက်အား ကျွန်တော့်မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါက်တာမိုက်ကီလ်လီဘရူးကိုရင်ဖွင့်ပြောကြားခဲ့ရာ သူက ကျွန်တော့်ကို စာအုပ်တစ်အုပ် ဖတ်ခိုင်းလိုက်သည်။ လောကတွင် အသက်ရှင်ရပ်တည်ရေးကို ညွှန်ပြပေးနိုင်သောစာအုပ်ရှိသည်ဟု ထိုအချိန်အထိ ကျွန်တော် မယုံကြည်တတ်ခဲ့သေးချေ။

ထိုစာအုပ်မှာ နပိုလီယံဟီးလ် (Napoleon Hill) ရေးခဲ့သော The Master Key to Riches စာအုပ်ပင်ဖြစ်သည်။ ထိုစာအုပ်သည် ကျွန်တော့်စာအုပ်စင်ထက်တွင် အတန်ကြာ ဖုန်တက်ခံလိုက်ရသည်။

ကျွန်တော်သည် ဘဝတိုးတက်ရေး တက်ကျမ်းစာအုပ်များကို ယုံကြည်မှု မရှိလှခဲ့ချေ။ ယင်းတို့ကို လူပျော့များ၊ ယုံလွယ်သူတို့ကို နှပ်ချနေသော စာအုပ်များအဖြစ်သာ ယူဆခဲ့သည်။

နောက်ဆုံးတွင် စာအုပ်နာမည်မှ Riches (ကြွယ်ဝချမ်းသာမှု) ဟူသော စကားလုံးက ထိုစာအုပ်ကို မဖြစ်မနေဖတ်ဖြစ်အောင် ဆွဲဆောင်ခဲ့သည်။ ကျွန်တော်ပျော်ရွှင်ချမ်းမြေ့ပြီး ကျွန်တော့်ဒုက္ခများကို ဖြေရှင်းနိုင်ရန်အတွက် ထိုကြွယ်ဝမှုများ လိုနေသည် မဟုတ်ပါလား။




(ထိုစာအုပ်ထဲမှ သဘောတရားများကို လက်တွေ့ကျင့်သုံးခြင်းဖြင့် တစ်နှစ်ပင်မပြည့်တတ်သော အချိန်ကာလတွင် ကျွန်တော့်ဝင်ငွေ နှစ်ဆတိုးခဲ့သော်လည်း) ထိုစာအုပ်က ကျွန်တော့်ကိုပေးခဲ့သောအကျိုးကား ကျွန်တော့်ဝင်ငွေကို တိုးပွားစေခဲ့သည်ထက် များစွာပိုသာခဲ့သည်။

နပိုလီယံဟီးလ်၏ အကြံပြုချက်သည် ကျွန်တော့်ဘဝတစ်ခုလုံးကို ပြောင်းလဲပစ်နိုင်လောက်အောင် ပြင်းသည့် မီးတောက်အဆင့်သို့ ရောက်ခဲ့သည်။

ကျွန်တော်သည် နောင်တွင် ကိုယ့်စိတ်ကိုယ်ဆောင် အောင်နိုင်ရေးမှန်း သဘောပေါက်လာမည့် စွမ်းရည်တစ်ရပ် ရရှိလာခဲ့သည်။

ထိုစာအုပ်ကို ဖတ်ရှုပြီးနောက်တွင် နပိုလီယံဟီးလ်၏ စာအုပ်မှန်သမျှကို ကျွန်တော်ဖတ်ရှုခဲ့သည်။ ကျွန်တော်သည် ကျွန်တော့်ကားထဲတွင် နားထောင်ရန်နှင့် ညစဉ် အိပ်ရာဝင်ချိန်တွင် အိပ်ရာဘေးတွင်ဖွင့်ရန် တက်ကျမ်းစာအုပ် အသံသွင်းကက်ဆက်ခွေများကိုလည်း ဝယ်ယူစုပြုခဲ့သည်။ ကျွန်တော် ကျောင်းတွင်၊ ကောလိပ်တွင်နှင့် ကျွန်တော့်မိသားစုနှင့် ကျွန်တော့်မိတ်ဆွေများထံမှတတ်သိသမျှအရာအားလုံး ခဏမေ့ထားလိုက်သည်။

အပြည့်အဝနားလည်ခြင်း မရှိခဲ့သည့်တိုင်အောင် ကျွန်တော်သည် ကျွန်တော့်ကိုယ်ပိုင်အတွေးအခေါ်ကို ထိုအောက်ခြေသိမ်း ပြန်လည်တည်ဆောက်မှုပြုနေခဲ့သည်။ ကျွန်တော်သည် ဘဝကို သံသယအမြင်ဖြင့် ကြည့်ခဲ့သည့်အခြေအနေကို ခြေဖျက်၍ အကောင်းမြင် ထက်သန်တက်ကြွစွာ လှုံ့လရေးကို အတွေးတစ်စချင်း ပြုပြင်တည်ဆောက်ခဲ့သည်။

သို့ဖြင့် ချမ်းသာကြွယ်ဝရေးသို့ အဓိကသော့ချက်က ဘာလဲ။

ချမ်းသာကြွယ်ဝရေးသို့ အခရာသော့ချက်သည် သင့်စိတ်ကိုသင် အကြွင်းမဲ့ စိုးပိုင်နိုင်ရေးအတွက် လိုအပ်သောသမာဓိရှိရေးသက်သက်ပင်ဖြစ်သည်။

"သင် အကြွင်းမဲ့ လွှမ်းမိုးနိုင်သောအရာမှာ သင်၏ စိတ်နေစိတ်ထားဖြစ်ကြောင်း အလေးအနက်သတိချပ်ပါ" ဟု ဟီးလ်က ရေးသားခဲ့သည်။

ကျွန်တော့်စိတ်ကို ကျွန်တော် အကြွင်းမဲ့ ပိုင်စိုးရန်အတွက် ကျွန်တော် ရာသက်ပန် ဆောင်ရွက်ရမည့်ကိစ္စဖြစ်သော်လည်း ထိုအရေးအတွက် ကျွန်တော် အစကနဦးကတည်းကပင် စိတ်အားထက်သန်ခဲ့သည်။

ဟီးလ်၏စာအုပ်သည် သင်၏ အခရာသော့ချက်ဖြစ်ချင်မှ ဖြစ်ပေမည်။ သို့သော် သင် ဆက်လက်ရှာဖွေနေပါက သင့်ဘဝလမ်းကြောင်းပေးမည့် လက်စွဲစာအုပ်တစ်အုပ်အုပ် မလွဲမသွေကြုံတွေ့မည်ဖြစ်ကြောင်း ကျွန်တော်တပ်အပ်ပြောနိုင်သည်။

ထိုစာအုပ်သည် Eckhart Tolle ၏ The Power of Now: Tracy Goss ၏ Frankenstein's Castle (သို့မဟုတ်) Nathaniel Branden ၏ The Six Pillars of Self-Esteem ဖြစ်နိုင်သည်။

ထိုစာအုပ်အားလုံးသည် ကျွန်တော့်ကို ဦးစွာအစပျိုးပေးနိုင်ခဲ့သော စာအုပ်များဖြစ်သည်။ ကျွန်တော်၏ ဘဝတက်လမ်း လှေကားထစ်ပေါ်တွင် ကျွန်တော့်ကို သူတို့အားလုံးမြှင့်တင်ပေးခဲ့သည်က အမှန်ပင်။ သင်၏ကိုယ်ပိုင်သော့သည် သင့်စိတ်ကြိုက် စိတ်ဓာတ်ရေးရာပိုင်းစာပေမှ လာနိုင်သည်။

သင်ရှာဖွေရန် အသင့်ဖြစ်သောအခါ ထိုစာပေကို ရှာတွေ့မည်ဖြစ်သည်။ ထိုစာပေများက သင့်ကို အပြင်မှာ စောင့်ဆိုင်းနေကြသည်။

*[Ref: 100 ways to motivate yourself by Steve Chandler]*

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**အဓိကရည်မှန်းချက်ရှိပါစေ**

"မိမိထားရှိတဲ့ အဓိကရည်ရွယ်ချက်ကို စာဖြင့်ရေးသားရွတ်ဆိုခြင်းအားဖြင့် သဘာဝ၏အင်အားကို တွန်းအားပေးရာကျတယ်"

**အင်ထရူးကာနယ်ဂျီ**
**(ကမ္ဘာကျော် သံမဏိသူဌေးကြီး)**

လူတိုင်းလူတိုင်း၏အဓိကမျှော်လင့်ချက်သည် ဘဝတိုးတက်အောင်မြင်ရေး၊ ချမ်းသာကြွယ်ဝရေးတို့ပင်ဖြစ်သည်။ ကြီးပွားချမ်းသာမှုကို လူတိုင်းတောင့်တကြသည်။

ချမ်းသာချင်ကြသည်။ ကြီးပွားချင်ကြသည်။

သို့တိုင်-

အဓိကရည်မှန်းချက်၊ အဓိကရည်ရွယ်ချက်ကကော ကြီးပွားချမ်းသာရေးပါပဲလား။ ဘဝတိုးတက်အောင်မြင်ရေးပဲလား။ ဝေခွဲမရဖြစ်တတ်ကြသည်။ ရည်ရွယ်ချက်၊ ရည်မှန်းချက်တော့ ရှိပါသည်။ အဓိကရည်မှန်းချက် တိတိကျကျရှိရန် လိုအပ်လှပေသည်။

ငယ်စဉ်က ရည်မှန်းချက်ပန်းတိုင်မှာ ဆရာဝန်ဖြစ်ချင်သည်၊ အင်ဂျင်နီယာဖြစ်ချင်သည်၊ စာရေးဆရာ ဖြစ်ချင်သည်၊ စီးပွားရေးပညာရှင် ဖြစ်ချင်သည်စသည်ဖြင့် ရည်မှန်းချက်များ ရှိခဲ့ကြသည်က များသည်။

ကြီးပွားချမ်းသာချင်သည်ဟူသည့် အဓိကရည်မှန်းချက်ကို ငယ်စဉ်ကပင်ထားရှိကာ ကြိုးစားအားထုတ်သူ အနည်းငယ်သာ ရှိနေနိုင်သည်ဟု ဆိုနိုင်လောက်သည်အထိ ကြီးပွားချမ်းသာသူသည် အနည်းငယ်သာရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

လူငယ် ဆယ်ကျော်သက်ဘဝမှာ ကိုယ်နှစ်သက်အားကျရာကို အာရုံပြုမိပြီး ဖြစ်ချင်သည့်ဆန္ဒများ ပေါ်လာတတ်သည်။ ထိုအခါ ရည်မှန်းချက်က ငယ်စဉ်ကဆန္ဒနှင့် ကွဲပြားလာရခြင်းဖြစ်သည်။ ဤသို့သော အဖြစ်မျိုးက အများစုပင်။

ယင်းကြောင့် အဓိကရည်မှန်းချက်ကို ထားရှိပါ။

ထိုရည်မှန်းချက်ပန်းတိုင်ကို ရောက်ကိုရောက်ရှိရမည်ဟူသည့်စိတ်ကို မွေးမြူပါ။ မိမိမျှော်လင့်သော ရည်မှန်းချက်သည် မြင့်မားလျှင် မြင့်မားသလောက် မိမိကြိုးစားရပေမည်။

ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကိုရရှိရမည်ဟူသောရည်မှန်းချက်၊ ရည်ရွယ်ချက်ထားရှိခဲ့သည်။ ယင်းရည်မှန်းချက်ပန်းတိုင်ကို ရောက်ကိုရောက်ရမည်ဟူသည့် စိတ်၊ ဖွဲလုံ့လ တို့ဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထိပင် ကြိုးစားပေးဆပ်ခဲ့ရသည်။ အနစ်နာခံကာ ဘဝများစွာဖြင့် ဒုက္ခဆင်းရဲအမျိုးမျိုးကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။

နောက်ဆုံးမှာ ထီးနန်းစည်းစိမ်ခံစားမှုနှင့် မိသားစုကိုပင်ကျောခိုင်းကာ ရရှိထားသည့် ဘုရင်ဘဝကို စွန့်လွှတ်ကာ တောထွက်ပြီး ဒုက္ကရစရိယာ ကျင့်ကြံအားထုတ်ခဲ့ရကြောင်း နိပါတ်တော်များတွင် သိရှိကြပြီးဖြစ်ပေမည်။




ဤသည်ကား-

အဓိကရည်မှန်းချက်ကို ထားရှိပြီး ကျားကုတ်ကျားခဲ ကြိုးစားခဲ့မှုပင်။ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ကိုရောက်ရမည်ဟူသည့် စိတ်ခွန်အားထားရှိကြိုးစားမှုကြောင့် သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားဖြစ်တော်မူရခြင်းပင်ဖြစ်လေသည်။

မူလက လက်လုပ်လက်စား အလုပ်သမားဘဝမှ ကမ္ဘာကျော် သန်းကြွယ်သူဌေးကြီးဖြစ်လာသူ အင်ထရူးကာနယ်ဂျီသည်လည်း အဓိကရည်မှန်းချက်ချမှတ်ကာ ကြိုးစားခဲ့သူဖြစ်၍ ဘဝအောင်မြင်တိုးတက်မှုရရှိပြီး ကြီးပွားချမ်းသာလာခြင်းဖြစ်သည်။ သူ၏ ကြီးပွားချမ်းသာမှုသည် နှယ်နှယ်ရရမဟုတ် ကမ္ဘာကျော်သံမဏိသူဌေးကြီးအဖြစ်သို့တိုင် အောင်မြင်ကျော်ကြား လူသိများခဲ့ရသည်။

ထို့ကြောင့် ကြီးပွားချမ်းသာလိုသူတိုင်းသည် ကြီးပွားချမ်းသာနည်းဗျူဟာ၏ အဓိကသော့ချက် အမှတ်(၃)ဖြစ်သော ရည်မှန်းချက်ပန်းတိုင်ရှိပါ။ ပန်းတိုင်ကို ရောက်ကိုရောက်ရမည်ဟု သတိအမြဲရှိပါစေဟူ၍ ဖော်ပြထားပြီးဖြစ်ရာ ကြီးပွားချမ်းသာလိုသူတိုင်း ရည်မှန်းချက်ပန်းတိုင်ရှိကိုရှိရမည်ဖြစ်သည်။

ထို့ပြင် ထားရှိသောရည်မှန်းချက်ပန်းတိုင်ကိုလည်း ရောက်ကိုရောက်ရှိရမည်ဟူသည့်စိတ်ကို တုံးတုံးချကာ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားရမည်ဖြစ်ပေသည်။

"မိမိထားရှိတဲ့ အဓိကရည်ရွယ်ချက်ကို စာဖြင့်ရေးသားရွတ်ဆိုခြင်းအားဖြင့် သဘာဝ၏အင်အားကို တွန်းအားပေးရာကျတယ်"ဟု ကမ္ဘာကျော်သူဌေးကြီး အင်ထရူးကာနယ်ဂျီက ပြောကြားခဲ့ဖူးရာ ထိုအကျင့်ကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာ အချိန် နေ့စားအလုပ်သမားဘဝကတည်းက ထိုအကျင့်ကို ပြုကျင့်ခဲ့ကြောင်း အမေရိကန် စာရေးဆရာ နပိုလီယံဟီးက ရေးသားခဲ့သည်။

"ထိုအကျင့်ကို ကျွန်ုပ်လိုက်နာခဲ့တာကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကြာမြင့်တုန်းကပါပဲ။ အဲသည်အချိန်တုန်းကတော့ ကျွန်ုပ်ဟာ နေ့စားအလုပ်သမားဘဝမှာ ရုန်းကန်နေရဆဲဖြစ်လို့ အလုပ်သမားအဆင့်မှ စက်မှုလက်မှုလုပ်ငန်းမှာ စီမံကွပ်ကဲမှုအဆင့်သို့ တက်လှမ်းနိုင်ဖို့ ကြိုးစားနေဆဲဖြစ်ပေတယ်"

ယင်းစကားမှာ အမေရိကန် စာရေးဆရာနပိုလီယံဟီးအား ကမ္ဘာကျော်သံမဏိသူဌေးကြီးက ပြောကြားခဲ့သည့်စကားဖြစ်သည်။ ထိုစကားပြောကြားခဲ့ချိန်သည် အမေရိကန်စာရေးဆရာနပိုလီယံဟီး ကိုယ်တိုင် အောင်မြင်ကျော်ကြားသည့် စာရေးဆရာအဖြစ်သို့မရောက်မီအချိန်ကပင်ဖြစ်သည်။

သို့ဖြစ်သောကြောင့်-

ကြီးပွားချမ်းသာလိုသူတိုင်းသည် အဓိက ရည်မှန်းချက်ပန်းတိုင်ကို ထားရှိပါ။ ထိုရည်ရွယ်ချက်ကို စာဖြင့်ရေးသား၍ နေ့စဉ်ရွတ်ဆိုပါ။ အကြိမ်ကြိမ်ရွတ်ဆိုပါ။

သို့မှသာ-

ရည်မှန်းထားသည့် ရည်ရွယ်ချက်ပန်းတိုင်ကို ရောက်ကိုရောက်ရမည်ဟူသည့်စိတ်ဖြင့် ကြိုးစားအရင်းတည်ကာ ဖွဲသန်သန်ကြိုးစားအားထုတ်ခြင်းအားဖြင့် ကြီးပွားချမ်းသာမှုကို လက်ဝယ်ပိုင်ပိုင် ရရှိမည်မှာ ဧကန်မုချဖြစ်ပေတော့သည်။ ။

# ဘဝအောင်မြင်ရေးလမ်းညွှန်

ကောင်းပြည့်စုံ

**ဆုံးဖြတ်ချက်**

ဆရာကြီးဦးဖေမောင်တင်သည် တက္ကသိုလ်မှ 'ဝိဇ္ဇာ'ဘွဲ့ကို ရသောအခါ အလုပ်ခန့်ထားလိုသူများ၏ အိမ်တိုင်ရာရောက်လာ၍ ကမ်းလှမ်းခြင်းကိုခံရ၏။

မြို့အုပ်လုပ်မည်လော။ အိုင်စီအက်စ်ဖြေ၍ နယ်ပိုင်ဝန်ထောက်လုပ်မည်လော။ သက်ဆိုင်ရာသင်တန်းတက်၍ ယစ်မျိုးဝန်ထောက်လုပ်မည်လော။ အစစအရာရာ လမ်းပွင့်လျက်ရှိသည်။

သို့တစေ။

ဆရာကြီးကား မြို့အုပ်လည်းမလုပ်ခဲ့၊ နယ်ပိုင်ဝန်ထောက်အလုပ်ကိုလည်း ငြင်းပယ်ခဲ့သည်။ ယစ်မျိုး သင်တန်းကိုလည်း မတက်ရောက်ခဲ့။

ဆရာကြီးရွေးချယ်ခဲ့သည်ကား တက္ကသိုလ်ဆရာအလုပ်။ တက္ကသိုလ်ဆရာတစ်ယောက်ရသော လစာကား အလွန်နည်းလှ၏။ ဝန်ထောက်တစ်ယောက်၏ လစာတစ်ဝက်ခန့်ပင်မရှိ။ ထိုစဉ်က မြန်မာစာသည် တက္ကသိုလ်ကဲ့သို့သော ပညာရေးလောကတွင် နေရာမရှိ၊ အတန်းအသီးသီးအတွက် သင်ရိုးမရှိ၊ ပြဋ္ဌာန်းစာအုပ်မရှိ။ ဆရာကြီးအဖြစ်ကား လယ်သစ်တည်ဆောက်နေရသကဲ့သို့ရှိသည်။

ဆရာကြီး၏ဆုံးဖြတ်ချက်ကား "တက္ကသိုလ်ဆရာ" လုပ်ရန်ဖြစ်၏။ မြန်မာစာကို မြှင့်တင်ရန်ဖြစ်သည်။

ဆရာကြီးဦးဖေမောင်တင်၏ ဆုံးဖြတ်ချက်ကား ခိုင်မာ၏။ မိမိဘဝ၏အဓိကရည်မှန်းချက်အတိုင်း ပညာရေးလောကတွင် ခြေကုပ်ယူခဲ့ရာ အသက် ၂၄ နှစ်အရွယ်တွင် "တက္ကသိုလ်ကျောင်းအုပ်ကြီး" ဖြစ်ရလေသည်။

ယနေ့မြန်မာစာပေတွင် ဆရာကြီး၏ လက်ရာတို့ကား များပြားလှပေ၏။ ဤသည်မှာ ပြည်တွင်းဖြစ်ရပ်တစ်ခုပင်။

ထို့ပြင် အမေရိကန်ဝါရှင်တန်မြို့တော်ရှိ သတင်းစာတိုက်ကြီးတစ်တိုက်မှ အလုပ်ခေါ်စာတစ်ခုအား ထူးထူးဆန်းဆန်းကြော်ငြာခဲ့သည်။

"မည်သူမဆို မည်သည့်ရာထူးအတွက်ဖြစ်စေ လျှောက်ထားနိုင်သည်။ အလုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းမရှိ"ဟူသောကြောင့် အလုပ်လျှောက်ထားသော လျှောက်လွှာများ အများအပြား ရောက်ရှိလာသည်။

လျှောက်လွှာအများစုမှာ "သင့်တော်သော အလုပ်တစ်နေရာအတွက်"လျှောက်ထားခြင်းများ ဖြစ်သည်။

လျှောက်လွှာတစ်စောင်မှာကား ထူးခြားသည်။ သူက အယ်ဒီတာလုပ်လိုပါသည်ဟူ၍ လျှောက်၏။ ဘွဲ့ရခါစတစ်ဦးသာဖြစ်သည်။ သတင်းစာတိုက်ကြီး၏ ဦးဆောင်ညွှန်ကြားရေးမှူးက ထိုလျှောက်လွှာရှင်ကို ဆက်သွယ်လိုက်သောအခါ ထိုသူသည် လူငယ်လေးပင်ရှိသေး၏။ အသက်မှာလည်း ၃၀ ကျော်သေးပုံမရ။

"မောင်ရင်လျှောက်တာက အဆင့်ကျော်လှချေလား၊ အယ်ဒီတာဆိုတော့၊ လက်ထောက်အယ်ဒီတာတောင် မလုပ်ချင်ဘူးလား"

"ကြော်ငြာမှာ မည်သည့်ရာထူးအတွက်မဆို လျှောက်ထားနိုင်သည် ဆိုတော့ လျှောက်လိုက်တာပါပဲ။ ကျွန်တော် လက်ထောက်အယ်ဒီတာ မလုပ်ချင်ပါဘူး။ အယ်ဒီတာပဲ လုပ်ချင်တာပါ။ ပြင်သစ်ဘုရင် လူဝီ(၁၄) မင်းသားပြောသလိုပါပဲ၊ အိမ်ရှေ့မင်းတော့မလုပ်ချင်ဘူး၊ ဖြစ်နိုင်ရင် ဧကရာဇ်ပဲ လုပ်ချင်တယ် ဆိုတာလိုပေါ့"

"ဟုတ်ပါတယ်။ ကောင်းပါတယ်။ ဒါပေမဲ့ လုပ်ငန်းသဘောသိအောင်တော့ လက်ထောက်အယ်ဒီတာအဖြစ် သုံးလလောက် နေလိုက်ပါဦး"

"မှန်ပါတယ်၊ ကျွန်တော့်အနေနှင့် သတင်းစာပညာကို လေ့လာရဦးမှာပါ။ ဒါပေမဲ့ ကျွန်တော်က စာပေသမားဆိုတော့ ကွင်းမစိမ်းပါဘူးခင်ဗျာ။ အဲဒီတော့ လက်ထောက်အယ်ဒီတာလို့တော့ မဆိုလိုက်ပါနဲ့ဗျာ။ အယ်ဒီတာ(အစမ်းခန့်)ပေါ့။ လစာလည်းပေးချင်မှပေးပါ"

"ကဲ- ဒီလိုလုပ်ရအောင်၊ မောင်ရင့်ကို အယ်ဒီတာအဖြစ် အစမ်းသုံးလခန့်လိုက်ပြီ။ စမ်းသပ်ကာလမှာတော့ လက်ထောက်အယ်ဒီတာလစာကိုပေးမယ်။ သုံးလပြည့်လို့ မောင်ရင့်အရည်အချင်းကို သဘောကျရင် အယ်ဒီတာလစာအပြည့်ပေးမယ်"

"ကောင်းပါတယ်ဗျာ"

ဤသို့ဖြင့် သူအလုပ်ရခဲ့သည်။ သုံးလအတွင်း သတင်းစာပညာကို လေ့လာနိုင်ခဲ့သည့်အပြင် အဘိဓာန်ကျမ်းကြီးတစ်စောင်ကိုလည်း ရေးသားပြုစုနိုင်ခဲ့သည်။

သူကား သတင်းစာဆရာကြီး "မိုက်ကယ်ကောလင်း"ပင်ဖြစ်တော့သည်။

ဖော်ပြပါဖြစ်စဉ်တို့တွင် ဆရာကြီးဦးဖေမောင်တင်နှင့် သတင်းစာဆရာကြီး မိုက်ကယ်ကောလင်းတို့သည် ဆုံးဖြတ်ချက်ခိုင်မာမှုအတွက် ဤသို့အကျိုးခံစားရသည်ဟု မှတ်ယူသင့်ပေသည်။ ထို့ကြောင့် ဆုံးဖြတ်ချက် ခိုင်မာစေရန်ကြိုးစားကြရာ၏။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးစီမံကိန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရန်နှိုးဆော်ခြင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

| စဉ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|
| ၁။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၂။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၃။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၄။ | High Mast Light [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၅။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၆။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၇။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၈။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၉။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၀။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၁။ | [illegible] Fountain Area | [illegible] | [illegible] | [illegible] | [illegible] |
| ၁၂။ | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ၁၃။ | Garden Light [illegible] | [illegible] | [illegible] | [illegible] | [illegible] |

| စဉ် | [illegible] | [illegible] | [illegible] |
|---|---|---|---|
| ၁၄။ | [illegible] | | |
| | (က) [illegible] | [illegible] | [illegible] |
| | (ခ) [illegible] | [illegible] | [illegible] |
| | (ဂ) [illegible] | [illegible] | [illegible] |
| | (ဃ) [illegible] | [illegible] | [illegible] |
| | (င) [illegible] | [illegible] | [illegible] |
| ၁၅။ | [illegible] | [illegible] | [illegible] |
| ၁၆။ | [illegible] | [illegible] | [illegible] |

၃။ [illegible] Account Transfer [illegible]

(က) [illegible]
(ခ) [illegible]

## ယနေ့ ဖတ်စရာ

### ယာယီကယ်ဆယ်ရေးစခန်းများရှိ အိမ်ထောင်စု ၁၆ စုအား တန်ဖိုးနည်းအိမ်ရာများသို့ ပြောင်းရွှေ့နေရာချထားပေး

စာ » ၄

### အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG ၏ စေခိုင်းချက်အရ NLD ပါတီဝင် မောင်ကျော်(ခ) ဖြိုးဇေယျာသော်က လက်နက်/ခဲယမ်းများ ထုတ်ပေး၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက် လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအချို့အား ဆက်လက်ဖော်ထုတ်ရရှိ

စာ » ၁၄

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





၁၃-၅-၂၀၂၁ ရက်တွင် လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံ၌ အသံဗုံးတစ်လုံး ပေါက်ကွဲမှု။

## အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် ဆေးရုံ/ဆေးခန်းပေါင်း ၂၅ ခု ပျက်စီးဆုံးရှုံးခဲ့ရ

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများအပြင် အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍပေါင်းစုံတို့ကို ပြန်လည်ကုစားသွားနိုင်ရေးဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှေ့တန်းကျစွာဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

## မန်ယူအသင်းနည်းပြရာထူးကို စိတ်မဝင်စားဟု ဇီဒန်း ပြောကြား

မန်ယူအသင်းက လစ်လပ်သွားတဲ့ နည်းပြရာထူးအတွက် ရီးယဲလ်မက်ဒရစ်အသင်း နည်းပြဟောင်း ဇီဒန်းကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပေမယ့် နည်းပြဇီဒန်းကတော့ မန်ယူအသင်းနည်းပြရာထူးကို စိတ်မဝင်စားဘူးလို့ ဒီနေ့ ဘီဘီစီအားကစားသတင်းတစ်ရပ်က ဖော်ပြထားပါတယ်။

မန်ယူအသင်းဟာ စနေနေ့ ညပိုင်း(နိုဝင်ဘာ ၂၀ ရက်)က တန်းတက်ဝက်ဖို့ဒ်အသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အရှက်ရဖွယ်ရှုံးနိမ့်ခဲ့ပြီးနောက် နိုဝင်ဘာ ၂၁ ရက်မှာ နည်းပြဆိုးရှားကို အသင်းနည်းပြအဖြစ်ကနေ ထုတ်ပယ်ခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၂ ကော်လံ ၂ သို့** ❖





## ဆူဇူကီးပြိုင်ပွဲကျင်းပမည့် စင်ကာပူနိုင်ငံသို့ မြန်မာ့လက်ရွေးစင်အသင်း ငါးရက်ကြိုတင်သွားရောက်မည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပမည့် စင်ကာပူနိုင်ငံသို့ ငါးရက်ကြိုတင်သွားရောက်မည်ဖြစ်သည်။

**နိုဝင်ဘာ ၃၀ ရက်တွင် ရောက်ရှိမည်**

မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိတွင် တူရကီနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေပြီး နိုဝင်ဘာ ၃၀ ရက်တွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စုပထမပွဲကို ဒီဇင်ဘာ ၅ ရက်တွင် ကစားရမည်ဖြစ်ကာ ယင်းပွဲမတိုင်မီ ငါးရက်ကြိုတင်သွားရောက်ခြင်းဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်တွင် စင်ကာပူနိုင်ငံ၌ လေ့ကျင့်မှုစတင်ပြုလုပ်ဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တူရကီနိုင်ငံတွင် ခြေစမ်းပွဲများကစားနေပြီး လက်ရှိအချိန်ထိ သုံးပွဲကစားထားပြီးဖြစ်ကာ နှစ်ပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပထမပွဲအဖြစ် ဒီဇင်ဘာ ၅ ရက်တွင် အိမ်ရှင်စင်ကာပူအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**